# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အနှစ်ရှိသောတရားကိုရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။ **ယမကဝဂ် (ဓမ္မပဒ - ၁၂)**


၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၆)၊ အမှတ် (ဝ၈၂)


# နိုင်ငံတကာမှ ကူညီထောက်ပံ့လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေများကို ခွဲဝေလျာထားအသုံးပြုရာ၌ ဦးစားပေးကဏ္ဍကြီးလေးရပ် ထားရှိရေးသဘောတူဆုံးဖြတ်



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Joint Coordinating Body for Peace Process Funding-JCB) ဖွဲ့စည်းရေးဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် နိုင်ငံတကာမှ ကူညီထောက်ပံ့လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေများ ခွဲဝေလျာထား အသုံးပြုရာတွင် ဦးစားပေး ကဏ္ဍကြီး လေးရပ်ထားရှိရေး သဘောတူဆုံးဖြတ်ခဲ့ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐



## လွှတ်တော်ထဲမှာ ဘာတွေလုပ် (၂)

စာမျက်နှာ-၆

## ၂၀၁၆- ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်း

စာမျက်နှာ-၈


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်


မြန်မာ့အလင်း

# မိသားစုစိတ်ဓာတ်၏စွမ်းပကား

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းချက်များအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား မိသားစုအသွင်ဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောဆွေးနွေးပွဲတွင် ထိုကဲ့သို့ရှင်းလင်းတင်ပြခဲ့ခြင်း ဖြစ်ပါသည်။ မိသားစုအသွင်ဖြင့် ရှင်းလင်းတင်ပြခဲ့ခြင်းဟူသည် မြန်မာနိုင်ငံက ကျန်အာဆီယံနိုင်ငံများအပေါ် လေးစားယုံကြည်မှု ပြသခြင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံက ရခိုင်ပြည်နယ်အရေးကို ကျန်အာဆီယံနိုင်ငံများနှင့်အတူ ညှိနှိုင်းလက်တွဲဖြေရှင်းဆောင်ရွက်လိုခြင်းကို ဖော်ပြခြင်းလည်း ဖြစ်ပါသည်။ ဤသည်မှာ မြန်မာနိုင်ငံက ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဖုံးကွယ်ထားခြင်းမရှိသကဲ့သို့ ဖုံးကွယ်ရန်စိတ်ဆန္ဒမရှိသည်ကိုလည်း သက်သေပြလိုက်ခြင်းဖြစ်ပါသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်အစိုးရ၏ လေးနက်စွာချမှတ်ထားသော သန္နိဋ္ဌာန်နှင့်အညီ ရလဒ်ကောင်းများရရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်နေသည့်အပေါ် အချိန်အတိုင်းအတာတစ်ခု စောင့်ကြည့်ရန်ရှင်းလင်းပြောကြားချက်သည် ကြောင်းကျိုးဆီလျော်သော ဆွေးနွေးချက် ဖြစ်ပါသည်။ ဤကဲ့သို့သော ကြောင်းကျိုးဆီလျော်သော ဆွေးနွေးချက်များကို အာဆီယံနိုင်ငံများက ကြိုဆိုခဲ့ခြင်းသည် မှန်ကန်သောချဉ်းကပ်မှု၏ အသီးအပွင့်ရလဒ်ကောင်း ဖြစ်ပါသည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးအကြံပြုခဲ့ကြသော ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းများအကြား သဟဇာတရှိရှိ ငြိမ်းငြိမ်းချမ်းချမ်း အတူယှဉ်တွဲနေထိုင်ရေးနှင့် အရပ်သားပြည်သူများ၏ လူ့အခွင့်အရေးကာကွယ်ပေးရေးအပါအဝင် ရခိုင်ပြည်နယ်ရှိ အားလုံးအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ ပိုမိုတိုးမြှင့်ပေးရေးတို့သည် နိုင်ငံတော်မှ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် မူဝါဒများနှင့် တစ်ထပ်တည်း ဖြစ်ပါသည်။ ထိုကဲ့သို့တစ်ထပ်တည်းဖြစ်၍သာ နိုင်ငံတော်နှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများကြား နွေးထွေးနားလည်မှုတို့ ဆုပ်ကိုင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံအစိုးရအနေဖြင့် လိုအပ်သော လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဝင်ရောက်ခွင့်ပြုရန်နှင့် ရခိုင်ပြည်နယ်၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေတို့ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ မျှဝေအသိပေးရန် အသင့်ရှိကြောင်းတို့ကို ပြောကြားခဲ့ခြင်းသည် နိုင်ငံတော်က မှန်ကန်မျှတသော သဘောထားရှိသည်ကို ထပ်လောင်းအတည်ပြုလိုက်ခြင်း ဖြစ်ပါသည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးရလဒ်ကောင်းများသည် ရခိုင်ပြည်နယ်၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုတို့အပေါ် ဖျက်လိုဖျက်ဆီးပြုလိုသည့် နိုင်ငံတကာရှိ အဖျက်အမှောင့်အင်အားစုတို့၏ လုပ်ဆောင်ချက်တို့ကို ထိထိရောက်ရောက် ဟန့်တားချေဖျက်လိုက်ခြင်းဖြစ်သည်ဟု ရှုမြင်သုံးသပ်မိပါသည်။ ။



## လျှပ်စစ်ဓာတ်အားသုံးလျှင်

(၁) ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများလဲလှယ်ပေးပါ။
(၂) လျှပ်စစ်ဒဏ်ခံကြိုးများကို ခံနိုင်သည်ထက်ပိုမထည့်ပါနှင့်။
(၃) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့ မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
(၄) လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ်ငြိမ်းသတ်ပါ။
(၅) လျှပ်စစ်ဓာတ်အားကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
(၆) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

**မီးသတ်ဦးစီးဌာန**

# လယ်ထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာများ သရုပ်ပြ

**ဖြူး ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ လူငယ့်အားမာန် စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်း၏ စိုက်ကွင်းအတွင်း၌ ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော Daedong လယ်ထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာများ သရုပ်ပြရှင်းလင်းပွဲကို ဒီဇင်ဘာလတတိယပတ်က ကျင်းပခဲ့သည်။

သရုပ်ပြပွဲတွင် ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်ချစ်ဆွေက အမှာစကားပြောကြားပြီး ကိုရီးယားနိုင်ငံ Daedong Industry ကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံတာဝန်ခံ Mr. Babby Gung က လယ်ယာသုံး စက်ကိရိယာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ လယ်ကွင်းအတွင်း လက်တွေ့မောင်းနှင်သရုပ်ပြခဲ့သည်။ သရုပ်ပြပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ ခုမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူလယ်သမား ၆၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**



# လှိုင်းဘွဲမြို့၌ ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေး

**လှိုင်းဘွဲ ဒီဇင်ဘာ ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်အတွင်းရှိ ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်မရှိသေးသောပြည်သူများကို ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးစောကျော်လွင်ဦးနှင့်အဖွဲ့က လိုင်စင်များသက်တမ်းတိုးပေးခြင်း၊ ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးခြင်းများကို မြို့နယ်အောင်ဆန်းခန်းမ၌ ဒီဇင်ဘာလ တတိယပတ်က ကွင်းဆင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ လိုင်စင်ပြုလုပ်ရာတွင် နှစ်ရက်အတွင်း ကားလိုင်စင်သက်တမ်းတိုး ၁၀ စီး၊ ဆိုင်ကယ်လိုင်စင် သက်တမ်းတိုး ၁၆၄ စီး၊ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် ၁၁၁၉ စီး ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# လူငယ်စာပေနှင့် စကားပြောစွမ်းရည်ပြိုင်ပွဲ ပုဏ္ဏားကျွန်း၌ ကျင်းပ

**ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၂၀**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ရှိ အဓိဋ္ဌာန်ပညာဒါနကွန်ပျူတာသင်တန်းကျောင်းနှင့် Humanity Youth Centre တို့ ပူးပေါင်း၍ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ လူငယ်မောင်မယ်များ၏ စာပေဆိုင်ရာ စကားပြောစွမ်းရည် တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ စာပေနှင့်စကားပြောစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲကို ဦးဆောင်ကျင်းပသည့် လူငယ်များဖြစ်သော ဦးကျော်ဆန်းနှင့် ဦးအေးမင်းစိုးတို့က ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်များနှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲတွင် လူငယ် ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ ဆုရရှိသောလူငယ်များအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

**သူ(ပုဏ္ဏားမြီ)**

# မြန်မာ့လက်မှုအနုပညာပြပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာ့လက်မှုအနုပညာအသင်းဗဟိုအမှုဆောင်အဖွဲ့က စီစဉ်ကျင်းပသည့် ဒုတိယအကြိမ် မြန်မာ့လက်မှုအနုပညာပြပွဲကို ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲနှင့်အတူ မြန်မာ့လက်မှုအနုပညာအသင်း၏ အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးပွဲကို ကျင်းပမည်ဖြစ်ကြောင်းလည်း သိရသည်။

**မွန်းဦးနဒီ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၀-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၅၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၅၅၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၇၁၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၇၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ ・ ၈၈ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၁၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၂၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ခရစ်တော်မွေးနေ့အကြို မေတ္တာပို့ ဆုတောင်းကောင်းချီးပေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တိုင်းရင်းသား လူမျိုးပေါင်းစုံပါဝင်သည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များမိသားစုအဖွဲ့က ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နေအိမ်၌ ခရစ်တော်မွေးနေ့အကြို လာရောက်ဆုတောင်းကောင်းချီးပေးကြသည်။

ဆုတောင်းပွဲတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များ မိသားစုအဖွဲ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား နှုတ်ခွန်းဆက်သပြီး ခရစ္စမတ်လက်ဆောင်ပန်းခြင်းပေးအပ်ကာ ခရစ်တော်မွေးနေ့ အကြိုနှုတ်ခွန်းဆက်ဓမ္မတေးသီချင်း သီဆိုကြသည်။

ယင်းနောက် ပဲခူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံက သမ္မာကျမ်းစာဖတ်ကြားပြီး ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အတွက် မေတ္တာပို့ဆုတောင်း ကောင်းချီးပေးသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များမိသားစုအဖွဲ့က **"လောကဝမ်းမြောက်"**၊ **"ခရစ္စမတ်ရက်မြတ်"**၊ **"Silent Night"** နှင့် **"နှုတ်ဆက်ပါတယ်"**စသည့် ဓမ္မတေးသီချင်းများသီဆို၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အတွက် မေတ္တာပို့ ဆုတောင်းကောင်းချီးပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ခရစ္စမတ်လက်ဆောင် ပြန်လည်ပေးအပ်ပြီး ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များ မိသားစုအဖွဲ့အား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခရစ်တော်မွေးနေ့အကြို လာရောက်ဆုတောင်းကောင်းချီးပေးကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ မိသားစုအဖွဲ့အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်** (သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနဉက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတကာ အလှူရှင်များက ကူညီထောက်ပံ့လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ရန်ပုံငွေများနှင့်ပတ်သက်၍ ကန့်သတ်ထိန်းချုပ်ခြင်း မဟုတ်ကြောင်း၊ များပြားလှသော အဖွဲ့အစည်းများအကြား ထောက်ပံ့ကူညီမှု ရရှိနိုင်သည့်အခြေအနေ ကွာခြားချက်ကြောင့် မညီမျှမှုများစွာ ရှိနေကြောင်း၊ JCB အနေဖြင့် စီမံကိန်းများကို မျှမျှတတနှင့် ထိထိရောက်ရောက်ဖြစ်စေရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းများ ရေးဆွဲရာတွင်လည်း အလှူရှင်ဘက်က ထောက်ပံ့ကူညီလိုသည့် စီမံကိန်းများမဖြစ်စေဘဲ လက်တွေ့အခြေအနေ ပကတိ လိုအပ်ချက်များကို အခြေခံစဉ်းစားသုံးသပ်ပြီး အလှူရှင်များဘက်က လိုအပ်သည့် အလှူငွေများ ဖြည့်ဆည်း ထောက်ပံ့ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အထောက်အကူပြုသော စီမံကိန်းများကို အလေးထားဆောင်ရွက်နိုင်ရေး ဤအဖွဲ့က တာဝန်ယူညှိနှိုင်းပေးရန် ဖြစ်ကြောင်း ပြောကြားသည်။

ပထမဆုံးအနေဖြင့် လိုအပ်ချက်များအလိုက် ဦးစားပေးကဏ္ဍများ သတ်မှတ်နိုင်ရေးဖြစ်ကြောင်း၊ ဒုတိယအချက် အနေဖြင့် လိုအပ်သော ကူညီထောက်ပံ့မှုများ ရရှိရေးရှာဖွေရန်ဖြစ်ကြောင်း၊ ထိုသို့ရှာဖွေရာတွင် နိုင်ငံတကာကူညီထောက်ပံ့မှုသာမက ပြည်တွင်းမှ အလှူရှင်များ ပါဝင်လာနိုင်ရေးကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် နိုင်ငံတကာထောက်ပံ့ကူညီမှုများကို ပွင့်လင်းမြင်သာမှု ရှိရှိ၊ အလေအလွင့် အနည်းဆုံးဖြစ်စေရေး၊ မလိုအပ်သော အပိုကုန်ကျမှု၊ အပိုသုံးစွဲမှုများ မရှိစေရေး တာဝန်ယူမှု အပြည့်အဝဖြင့် ဆောင်ရွက်ရန်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

တက်ရောက် လာကြသူများက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCB) တာဝန်နှင့် ဝတ္တရားများနှင့်ဦးစားပေးကဏ္ဍများကို ဆွေးနွေးကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေခွဲဝေသုံးစွဲရန်အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကဏ္ဍ(Ceasefire Sector)၊ စေ့စပ်ညှိနှိုင်းဆွေးနွေးရေး ကဏ္ဍ (Negotiation and Dialogue Sector)၊ ငြိမ်းချမ်းရေးအထောက်အကူပြု ဖွံ့ဖြိုးရေးကဏ္ဍ (Peace Supporting Development Sector) နှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကဏ္ဍ (NRPC Sector) စသည်ဖြင့် ဦးစားပေးကဏ္ဍကြီး လေးရပ် သတ်မှတ်ဆောင်ရွက်ရန် အစည်းအဝေးက သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနဉက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဉက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး အစိုးရဘက်မှ ဉက္ကဋ္ဌ အပါအဝင် ကိုယ်စားလှယ်ရှစ်ဦး၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများဘက်မှ ကိုယ်စားလှယ်ရှစ်ဦးဖြင့် ဖွဲ့စည်းရန် သဘောတူညီခဲ့ကြသည်။

JCB တွင် ပါဝင်မည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် NCA လက်မှတ်ရေးထိုးထားသော အဖွဲ့များသာမက NCA လက်မှတ်ရေးထိုးခြင်း မပြုရသေးသော အဖွဲ့များလည်း ပါဝင်သည်။

ယနေ့ကျင်းပသော JCB အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင် ဉက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီ ဉက္ကဋ္ဌ ဒေါ်ရီလာနန်းတောင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောတင်ဝင်း၊ Nationwide Ceasefire Agreement-NCA လက်မှတ်ရေးထိုးထားပြီး ဖြစ်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား ပဒိုစောကွယ်ထူးဝင်း (KNU အထွေထွေအတွင်းရေးမှူး)၊ ခွန်ဉက္ကာ (PNLO ဦးဆောင်နာယက)၊ စိုင်းလျန်း (RCSS-SSA)၊ ဆလိုင်းထလာဟေး (CNF အထွေထွေ အတွင်းရေးမှူး)၊ ဦးမျိုးဝင်း (ABSDF)၊ NCA လက်မှတ်ရေးထိုးခြင်း မရှိသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား နိုင်အောင်မငေး (DPN အဖွဲ့ဝင်)၊ ဦးထွန်းဇော် (DPN အဖွဲ့ဝင်)၊ နိုင်ဗညားမွန် (NMSP)၊ ဦးစံလော့ ("ဝ" အထူးဒေသ(၂)၊ ပြည်ပဆက်ဆံရေးဌာနမှူး) နှင့် ဦးခမ်းမောင် (အထူးဒေသ(၄) မိုင်းလား၊ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ)တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သံအမတ်ကြီး ဦးကျော်စိုးဝင်းအား ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စိုးဝင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၏ နှစ်ပတ်လည်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား အပြန်အလှန်လေးနက်သော နားလည်မှုများ၊ ချစ်ကြည်ခိုင်မာကောင်းမွန်သည့် ဆက်ဆံရေးတို့ဖြင့် လယ်ယာကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလရှည်ကြာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် KOICA ၏ ထောက်ပံ့ကူညီမှုများ၊ ကိုရီးယားနိုင်ငံတွင် လုပ်ငန်းနယ်ပယ်အလိုက် အသိပညာ၊ အတတ်ပညာများ သင်ယူနေကြသည့် မြန်မာပညာတော်သင်များ အနေဖြင့် ဘာသာရပ်အလိုက် ပညာသင်ဆုများ ခံစားနိုင်ရေးတို့နှင့်အတူ နှစ်နိုင်ငံ တက္ကသိုလ် ပညာရေး သင်ကြားမှုဆိုင်ရာများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီး KOICA ၏ အဆင့်မြင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများနှင့် အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ကြီးမားစွာ ပူးပေါင်းဆောင်ရွက်မှုတို့အား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

လာမည့်နှစ်သစ်ကိုကြိုဆိုပြီး မြန်မာနှင့်ကိုရီးယားအစိုးရတို့၏ ခိုင်မြဲသောချစ်ကြည်ရင်းနှီးမှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ပါစေကြောင်းဖြင့် ဒီဇင်ဘာ ၁၇ ရက်က ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပသည့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင် စီ (KOICA)၏ Myanmar KOICA Club နှစ်ပတ်လည် ဆွေးနွေးပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားခြင်းဖြစ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Yoo, Jae Kyung၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) Chief Representative, Dr. Shin Euicheol၊ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိမိနိုင်ငံ၏အချုပ်အခြာအာဏာ ပိုင်နက်နယ်မြေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ်အတွင်းရှိ ဗန္ဓုလကျေးရွာနှင့် ပတ်ဝန်းကျင်တိုင်းရင်းသား ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထိုသို့ တွေ့ဆုံစဉ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော် အနေဖြင့် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နက်နယ်မြေကို တစ်လက်မမျှ မပွန်းပဲ့စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည် ဖြစ်ကြောင်း၊ ထိုသို့ ကာကွယ်စောင့်ရှောက်ရာတွင် တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများလည်းပါဝင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ဆက်စကားပြောကြားပြီး ကျေးရွာများမှ ရပ်မိရပ်ဖများက ဒေသလိုအပ်ချက်များအားတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဒေသခံတိုင်းရင်းသားပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတို့က ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန္ဓုလကျေးရွာအတွင်း လှည့်လည်ကြည့်ရှုပြီး အောင်မြေကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ကဝိသာရအား ဖူးမြော်ကြကာ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့မှူးရုံးသို့ရောက်ရှိကြပြီး နေမျိုးခန်းမတွင် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ထိုသို့ပြောကြားရာတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည် လုံခြုံမှုရှိအောင်၊ နိုင်ငံ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် မိမိတပ်ဖွဲ့ဝင်များသာမက တိုင်းရင်းသားများ၏ "အား" များကိုပါ ရယူဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံတကာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗန္ဓုလကျေးရွာ ဒေသခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

မျက်နှာစာ၊ နိုင်ငံရေးမျက်နှာစာနှင့် အုပ်ချုပ်ရေး မျက်နှာစာများပေါ်တွင် ချိန်ဆ၍ ခိုင်မာစွာ ရပ်တည်လုပ်ဆောင်နေကြောင်း ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် စားသောက်ဖွယ်ရာများအား လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများအား ပေးအပ်သည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘူးသီးတောင်၊ ဝါးခုတ်ချောင်းတပ်နယ်ခန်းမတွင် ဘူးသီးတောင်တပ်နယ်နှင့် ဝါးခုတ်ချောင်း တပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

❐ *ကျောဖုံးမှ*

ဖြစ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် အသေးစိတ် စေ့စေ့စပ်စပ် သတိပြုဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခုကျင်းပမည့် လွတ်လပ်ရေးနေ့အခမ်းအနားသည် အစိုးရသစ်လက်ထက်တွင် ပထမဆုံးကျင်းပမည့် လွတ်လပ်ရေးနေ့အခမ်းအနားဖြစ်သည့် အားလျော်စွာ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက မိမိတို့ ဆပ် ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းအခြေအနေများနှင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည့်အစီအမံများအပေါ် အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်ပြောကြားသည်။

အစည်းအဝေးသို့ ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိအကြီးအကဲများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပါလက်စတိုင်းအသင်းသည် မြန်မာအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိသောကြောင့် မြန်မာအသင်းက စိတ်ကြိုက်ဖိကစားကာ ဂိုးပြတ်အနိုင်ယူပြီး ပွဲဦးထွက်အမှတ်ပြည့် ရယူခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဟောင်ကောင်အသင်းနှင့် ကစားခဲ့သည့် ခြေစမ်းပွဲမှ လူစာရင်းအတိုင်းပွဲထွက်ခဲ့ပြီး ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ မြန်မာအသင်းသည် ခြေအသာဖြင့်ကစားနိုင်ခဲ့သော်လည်း အမှားများနေ၍ တိုက်စစ်ကစားပုံမှာ မထိရောက်ခဲ့ဘဲ နောက်ပိုင်းကျမှ ဂိုးများဆက်တိုက်သွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပွဲတွင် ကာဂျစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ညနေ ၃ နာရီက ယှဉ်ပြိုင်သည့်ပထမပွဲတွင် ထိုင်းယူ-၁၉ အသင်းက ကာဂျစ္စတန်ယူ-၁၉ အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ခြေစစ်ပွဲ ဒုတိယပွဲကို ဒီဇင်ဘာ ၂၂ ရက် တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ **(မိုး/ဇလ)**

---

❀ *ကျောဖုံးမှ*

"ရန်ကုန်က လူနေထူထပ်တဲ့အပြင် အဆောက်အအုံတွေလည်း ပိုမိုများပြားလာတဲ့အတွက် ငလျင်လှုပ်ခဲ့ရင် ပျက်စီးမှုနည်းပါးအောင် မြေငလျင်ဆိုင်ရာ ကြိုးကြပ်မှုကော်မတီကို ဖွဲ့စည်းတာပါ။ ပြီးခဲ့တဲ့ အောက်တိုဘာလတုန်းက ပြုလုပ်ခဲ့တဲ့ မြေငလျင်ဖိုရမ်(ရန်ကုန်) က ထွက်ရှိလာတဲ့ ရလဒ်တွေအရ ဒီကော်မတီကို အမြန်ဆုံးဖွဲ့စည်းနိုင်အောင်လုပ်သွားမယ်။ ခြောက်လအတွင်း ဖွဲ့စည်းနိုင်ရင် ပိုကောင်းတယ်" ဟု သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဒေါက်တာ ဝင်းဦးက အစည်းအဝေးအပြီးတွင် မီဒီယာများကို ပြောသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံငလျင်ကော်မတီမှ ပညာရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ တက်ရောက်ဆွေးနွေးကြပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ယခင်ကထက် အဆောက်အအုံများ ပိုမို များပြားလာသည့်အပြင် လူနေထူထပ်သောကြောင့် ယင်းကဲ့သို့ ဖွဲ့စည်းရခြင်းဖြစ်ကြောင်း၊ အဆိုပါကော်မတီအနေဖြင့် မြေငလျင်နှင့်ပတ်သက်၍ ပြည်သူများကို အသိပညာပေးခြင်းများ လုပ်ဆောင်သွားမည့်အပြင် Earthquake Preparedness and Response Plan၊ Emergency Medical Preparedness and Response Plan၊ Recovery and Reconstrution Plan စသည့် အချက်လေးချက်ကို ရေးဆွဲအကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ အဆိုပါ မြေငလျင်ဆိုင်ရာ ကြီးကြပ်မှုကော်မတီအပြင် မြေငလျင်ဆိုင်ရာပညာရှင်များနှင့် ပြည်တွင်း၊ ပြည်ပမှ NGO အဖွဲ့အစည်းများပါဝင်သည့် Techenical Working Group ကို ဖွဲ့စည်းမည်ဖြစ်ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းရွှေက ပြောသည်။



မြေငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးအစီအမံများရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်
ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)

ထို့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) အနေဖြင့်လည်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ UN-Habitat တို့ပူးပေါင်းကာ အများပြည်သူပိုင်အဆောက်အအုံများကို ငလျင်ဒဏ်ခံနိုင်မှုနှင့်ပတ်သက်၍ စိစစ်လေ့လာရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်း ဒေသကြီးသည် ဘေးတိုက်ပြတ်ရွေ့ဖြစ်သော စစ်ကိုင်းပြတ်ရွေ့၏အနောက်ဘက် ၃၅ ကီလိုမီတာအကွာတွင်တည်ရှိပြီး အဆိုပါ စစ်ကိုင်းပြတ်ရွေ့လှုပ်ခတ်ပါက ပျက်စီးဆုံးရှုံးမှုများပြားနိုင်သောကြောင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လိုကြောင်း မြန်မာနိုင်ငံ မြေငလျင်ကော်မတီက ထုတ်ပြန်ထားသည်။

ထို့ပြင် စစ်ကိုင်းပြတ်ရွေ့တစ်လျှောက်ရှိ မြို့ကြီးများဖြစ်သော မြစ်ကြီးနား၊ တကောင်း၊ သပိတ်ကျင်း၊ စစ်ကိုင်း၊ မန္တလေး၊ နေပြည်တော်၊ တောင်ငူ၊ ဖြူး၊ ပဲခူးတို့တွင် အင်အားပြင်းငလျင်လှုပ်ခတ်ပါက ပျက်စီးဆုံးရှုံးမှုများပြားနိုင်ကြောင်း သိရှိရပြီး နှစ်ပေါင်း ၈၀ ကျော် ကြာမြင့်နေသည့် အဆိုပါ စစ်ကိုင်းပြတ်ရွေ့ကြောင့် မြန်မာနိုင်ငံတွင် အင်အားပြင်းသည့်ငလျင်များ အချိန်မရွေးလှုပ်နိုင်ကြောင်း ငလျင်ပညာရှင်များက သုံးသပ်ထားသည်။

မြန်မာနိုင်ငံမြေ ငလျင်ကော်မတီအနေဖြင့် စစ်ကိုင်းပြတ်ရွေ့ ပဲခူးအပိုင်း၊ ဖြူးအပိုင်းကို လေ့လာထားသော်လည်း အခြားအပိုင်းများကို အသေးစိတ်လေ့လာရန် လိုအပ်နေသေးကြောင်း၊ (၂၀၀၆-၂၀၀၇) ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ ဧရိယာအလိုက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ငလျင်နှင့် ပတ်သက်သည့် လေ့လာမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်နှစ် ၁၀၀ အတွင်းတွင် ပြင်းအား ရစ်ချ်တာစကေး ၇ ခန့်ရှိသည့် အကြီးစားမြေငလျင် ၁၅ ကြိမ်ခန့် လှုပ်ခတ်ခဲ့ကြောင်း၊ ၁၉၃၀ ပြည့်နှစ်တွင် ပဲခူးငလျင်၊ ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်ငလျင်၊ ၁၉၇၅ ခုနှစ်တွင် ပုဂံငလျင်တို့ လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် စစ်ကိုင်းမြေငလျင်ကြော၊ ကဘော်မြေငလျင်ကြော၊ ဖာပွန်မြေငလျင်ကြော၊ ကျောက်ကြမ်းမြေငလျင်ကြောနှင့် အခြားမြေငလျင်ကြောငယ်လေးများကြောင့် မြေငလျင်လှုပ်ရှားမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် လှုပ်ခတ်ခဲ့သော ချောက်ငလျင်ကြောင့် နံရံဆေးရေးပန်းချီများအပြင် ပုဂံရှေးဟောင်းမြို့တော် ၁၀ ရာစု၊ ၁၁ ရာစုမှ ဘုရားပုထိုးစေတီများ၊ နံရံဆေးပန်းချီများ ပျက်စီးခဲ့သည့်အပြင် ထင်ရှားသော ဘုရားများ၊ အခြားရှေးဟောင်းအဆောက်အအုံများအပါအဝင် စုစုပေါင်း ၃၉၆ ဆူ ပျက်စီးခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် လှုပ်ရှားခဲ့သော သပိတ်ကျင်းမြေငလျင်ကြောင့် သေဆုံးသူ ၂၆ ဦး၊ ဒဏ်ရာရရှိသူ ၂၃၁ ဦး၊ အိမ်ခြေ ၄၆၂ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် မတ် ၂၄ ရက်တွင် လှုပ်ရှားခဲ့သော တာလေမြေငလျင်ကြောင့် သေဆုံးသူ ၇၆ ဦး၊ ဒဏ်ရာရရှိသူ ၁၀၀ ဦး၊ အိမ်ခြေ ၁၂၂၉ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီမှ ရရှိသည့်စာရင်းများအရ သိရသည်။

# မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးထူထောင်ရေး သဘောတူညီချက်လက်မှတ်ရေးထိုးရန် ထောက်ခံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတစ်ဝန်း အာဏာမတည်သော ဥပဒေများအား အာဏာတည်တံ့စေရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများအကြား မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ထူထောင်ရေးသဘောတူညီချက်ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ထောက်ခံဆွေးနွေးကြသည်။

ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်က မဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးထူထောင်ရေးသဘောတူညီချက်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးပြီးပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲမှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ကြိုဆိုပါကြောင်း၊ အဖွဲ့ဝင် ခြောက်နိုင်ငံအနေဖြင့် အစိုးရအဖွဲ့ဖြစ်စေ၊ ပုဂ္ဂလိကဖြစ်စေ၊ အဖွဲ့အစည်းကဖြစ်စေ လုပ်ဆောင်မည်ဆိုပါက ခွင့်ပြုသည်ဖြစ်သည့်အတွက် ဒေသခံငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် ပြည်သူများက ကြိုဆိုပြီး ဆင်းရဲနွမ်းပါးမှုကိုလျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ Micro Tourism ကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၊ ဝါးခယ်မ မဲဆန္ဒနယ်မှ ဦးဇော်သိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်မှ ဦးကျော်ဆွေ၊ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၄)မှ ဦးဟန်ဝင်းသိန်းတို့က ထောက်ခံ ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းတွင် အာရှနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နောက်ဆုံးပွင့်လင်းလာသည့် နိုင်ငံဖြစ်ပါကြောင်း၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့ထက် ခရီးသည်ဝင်ရောက်မှုနည်းပါကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအနေဖြင့် သဘာဝသယံဇာတများကို သေသေချာချာ စနစ်တကျစီစဉ်ပြီးအသုံးချမည်ဆိုလျှင် တိုးတက်အောင် လုပ်ဆောင်နိုင်သည့်အခြေအနေရှိပါကြောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ခရီးသွားလုပ်ငန်းရုံးဖွင့်ပြီး အာရှနိုင်ငံများပူးပေါင်း၍ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့



ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း

တွင် ရှေးဟောင်းအမွေအနှစ်များ ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများအကြား မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံး ထူထောင်ရေး သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအတွက် ပိုလန်သမ္မတနိုင်ငံအစိုးရထံမှ ယူရိုသန်း ၅၀ ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ချေးယူခွင့်ရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးပါရန် ရှင်းလင်းတင်ပြသည်။

အလားတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ ၂၀၁၆ တွင် ပြည်ပမှ ငွေချေးယူရာတွင် သက်သာသည့်ချေးငွေများကို ဦးစားပေးချေးယူရမည်ဟု ပါရှိပါကြောင်း၊ ပိုလန်ချေးငွေမှာ ချေးငွေသက်တမ်းကြာရှည်ပါကြောင်း၊ ဖွံ့ဖြိုးမှုအတွက် ပေးအပ်သည့်ချေးငွေဖြစ်ပြီး ချေးငွေရယူမည့်အဖွဲ့အစည်း၊ ချေးငွေပေးအပ်မည့် နိုင်ငံ၏ လက်ရှိအခြေအနေမှာ ချေးငွေသုံးစွဲနိုင်သည့် အရည်အချင်း၊ ပြန်လည်ပေးဆပ်နိုင်သည့် စီမံကိန်းနှင့် ဒေသအတွက် အကျိုးပြုမည့်အခြေအနေများကို လေ့လာပြီး ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ချေးငွေစာချုပ်ချုပ်ဆိုရာတွင် နိုင်ငံအတွက် နစ်နာမှုမရှိစေရန် စိစစ်ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါချေးငွေချေးယူခြင်းကို လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ် သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအတွက် အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ထံမှ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၈ သန်းချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ချေးငွေထောက်ပံ့ငွေများဖြင့် ဆောင်ရွက်သည့် စီမံကိန်းများအတွက် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ဆန်းစစ်လေ့လာခြင်းမှစ၍ ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်း အဆင့်ဆင့်တွင် ကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များသာမက လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ကျွမ်းကျင်ဝန်ထမ်းများ၊ ပြည်တွင်းရှိ အငြိမ်းစားကျွမ်းကျင်ဝန်ထမ်းများ၊ ဒေသန္တရအလိုက် ကျွမ်းကျင်သည့်ဌာနမှ ကျွမ်းကျင်ဝန်ထမ်းများ၊ ဒေသအလိုက် အုပ်ချုပ်မှုဆိုင်ရာတာဝန်ရှိသူများ ပါဝင်ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ လက်ရှိ တောင်သူလယ်သမားများပိုင်နေရာများကို တောင်သူလယ်သမားများ၏ သဘောတူညီချက်ကိုရယူ၍ တစ်ဆက်တစ်စပ်တည်း အဆင့်မြင့်လယ်ယာများ ဖော်ထုတ်ဆောင်ရွက်ခြင်း၊ ရေသွင်းရေထုတ်မြောင်းများ စနစ်တကျ ဖော်ထုတ်ပေးခြင်းနှင့် ကုန်ထုတ်လမ်းများဖော်ထုတ်ခြင်း စသည်တို့ကို စီမံကိန်းက အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သီးနှံ၊ သစ်တော ရောနှောစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများတွင် တန်ဖိုးမြင့်သည့် သီးနှံမျိုးစေ့များကို စတင်မိတ်ဆက်စိုက်ပျိုးစေခြင်းအပါအဝင် မျိုးကောင်းမျိုးသန့်နှင့် ပျိုးစေ့ပျိုးပင်များကို ပံ့ပိုးကူညီပေးမည့် အစီအစဉ်များလည်း ပါဝင်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မည့်ဒေသများတွင် အသိပညာပေး ဗဟိုဌာနများကို တည်ထောင်သွားမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများထုတ်လုပ်မှုစွမ်းအားမြှင့်တင်နိုင်ရေးအတွက် နည်းပညာပေးခြင်း၊ ကျွမ်းကျင်မှုမြှင့်တင်ပေးခြင်း၊ အရည်အသွေးမြင့် သွင်းအားစုများရရှိစေခြင်း၊ ဈေးကွက်သတင်းအချက်အလက်များ လက်လှမ်းမီရရှိစေခြင်း၊ စက်မှုလယ်ယာစနစ်ဖော်ထုတ်ပေးခြင်း၊ ငွေကြေးဝန်ဆောင်မှုများကို ရရှိစေခြင်းတို့အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့အတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေဆိုင်ရာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး အဆိုပါချေးယူမည့်ကိစ္စကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

**မျိုးမြင့်(သတင်းစဉ်)**

# ယဉ်ကျေးမှုအမွေအနှစ်အပေါ် အကျိုးသက်ရောက်မှုအကဲဖြတ်အဖွဲ့ တောင်သမန်သစ္စာစီမံကိန်းအား ကွင်းဆင်းစစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်အင်း အရှေ့တောင်ဘက်အခြမ်းတွင် တည်ဆောက်လျက်ရှိသော တောင်သမန်သစ္စာစီမံကိန်းအား ယဉ်ကျေးမှုအမွေအနှစ်အပေါ် အကျိုးသက်ရောက်မှုအကဲဖြတ်အဖွဲ့က ဒီဇင်ဘာ ၁၉ ရက်တွင် ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဒေသတွင် ဆောင်ရွက်နေသော စီမံကိန်းကြောင့် ရှေးဟောင်းအဆောက်အအုံများကို လွှမ်းမိုးနိုင်သော အမြင့်ပေဖြင့် တည်ဆောက်ထားခြင်း ရှိ မရှိ၊ ရှေးဟောင်းအဆောက်အအုံပြင်ပတွင် ရှိ မရှိ၊ တည်ဆောက်မည့် အဆောက်အအုံများသည် ရိုးရာယဉ်ကျေးမှုဗိသုကာများနှင့် ဆန့်ကျင်မှု ရှိ မရှိ၊ ရှေးဟောင်းတူးမြောင်း၊ ရှေးဟောင်းလူနေရိယာ ဖျက်ဆီးခံရခြင်း ရှိ မရှိ၊ လက်ရှိဒေသ၏ လူမှုအဖွဲ့အစည်းများနှင့် သဟဇာတ ရှိ မရှိနှင့် သဘာဝအမွေအနှစ် တောင်သမန်အင်းရေပြင်ကို ထိခိုက်မှု ရှိ မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

"ကျွန်တော်တို့အဖွဲ့က ရှေးဟောင်းယဉ်ကျေးမှုပုံရိပ်တွေကို မထိခိုက်စေဖို့ အချက် ခြောက်ချက်နဲ့ စစ်ဆေးခဲ့ပါတယ်။ တွေ့ရှိချက်တွေအပေါ်မှာ သုံးသပ်ပြီး ဖြည့်စွက်အကြံပြုခဲ့ပါတယ်" ဟု ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးဖြစ်သူ ဦးဝင်းကြိုင်က ပြောသည်။

ယဉ်ကျေးမှုအကဲဖြတ်အဖွဲ့၏ အကြံပြုချက်များအနေဖြင့် စီမံကိန်းဆောင်ရွက်နေစဉ် ရှေးဟောင်းပစ္စည်းများ တူးဖော်တွေ့ရှိခဲ့ပါက လုပ်ငန်းရပ်ဆိုင်း၍ ချက်ချင်းအကြောင်းကြားရန်၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ရိုးရာယဉ်ကျေးမှုဗိသုကာပညာရပ်များဖြင့်ဆောက်လုပ်ပြီး ရှေးဟောင်းယဉ်ကျေးမှုနှင့်ကိုက်ညီမည့် အရောင်ကိုသာ အသုံးပြုရန်၊ ဒေသ၏ လူမှုရိုးရာဓလေ့များကို ဖော်ထုတ်ပေးရန်နှင့် ဒေသတွင် ပေါက်ရောက်လေ့ရှိသော အပင်များကိုသာ စိုက်ပျိုးရန်စသည့် အချက်များကို အကြံပြုပြောကြားသွားခဲ့သည်။

အဆိုပါယဉ်ကျေးမှုအမွေအနှစ်အပေါ် အကျိုးသက်ရောက်မှုအကဲဖြတ်အဖွဲ့တွင် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)မှ ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စစ်ကိုင်းဌာနခွဲ)မှ တာဝန်ခံ ဒေါက်တာသန်းထိုက်၊ ဟန်လင်းကမ္ဘာ့အမွေအနှစ်ဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအေးနှင့် ယင်းဌာနစုမှ ဒုတိယဦးစီးမှူး ဦးအာကာအေးတို့ ပါဝင်ပြီး ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ စစ်ဆေးသွားမည်ဖြစ်ကာ စစ်ဆေးတွေ့ရှိချက်များကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အစီရင်ခံစာတင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





# သယံဇာတကဏ္ဍအတွက် လိုအပ်သည့်အကူအညီများ ပေးလိုသည့်ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းအား အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်သည် ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်က နေပြည်တော်ရှိ ၎င်း၏ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် သတ္တုအပါအဝင် မြေပေါ်မြေအောက် သယံဇာတများ ထုတ်ယူသုံးစွဲရာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးကို အဓိကထား ဆောင်ရွက်လျက်ရှိသည့် ကိစ္စ၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပွင့်လင်းထင်သာမြင်သာစွာဖြင့် ဆောင်ရွက်လျက်ရှိသည့် ကိစ္စ၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံအခြေစိုက် သဘာဝသယံဇာတအရင်းအမြစ်များ စီမံခန့်ခွဲမှုဌာန (NRGI) နှင့် မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ (MATA) တို့နှင့် ပူးပေါင်း၍ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား ပြန်လည်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း အမေရိကန်နိုင်ငံ အနေဖြင့် မြန်မာနိုင်ငံသယံဇာတကဏ္ဍအတွက် လိုအပ်သည့်အကူအညီများ ပေးလိုသည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# စုံညီခုံရုံးက အယူခံမှုအမှတ် (၂၄)အား အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူ ဦးမောင်မောင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစိုးစိုး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၄၂/၂၀၁၅)ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၄) ၏ ချမှတ်ခဲ့သည့်စီရင်ချက်(အမိန့်)အား ဦးစိုးစိုးက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အယူခံမှုအမှတ် (၂၄/၂၀၁၆) ဖြင့် လက်ခံခဲ့သည်။

ယင်းအယူခံမှုအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးမှ မူလရွေးကောက်ပွဲခုံအဖွဲ့(၄)၏ ၇-၁၀-၂၀၁၆ ရက်နေ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမိန့်ကို အတည်ပြုပြီး အယူခံလျှောက်ထားသူ ဦးစိုးစိုး၏ အယူခံကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်ကြောင်း၊ တရားစရိတ် ငွေကျပ် ၁၀၀၀၀၀/(ကျပ် တစ်သိန်းတိတိ)ကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူအား ပေးစေသည့်အမိန့် ချမှတ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လွှတ်တော်ထဲမှာ ဘာတွေလုပ် (၂)

**ဇော်ငြိမ်းဦး (MPA)**

လွှတ်တော်များသည် ဥပဒေပြုမဏ္ဍိုင်များဖြစ်ရာ ဥပဒေပြုရေးတာဝန်ကို အဓိကထမ်းဆောင်သလို အခြားမဏ္ဍိုင်ကြီးများဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည်တို့ကို အပြန်အလှန်ထိန်းကျောင်းနိုင်ရေးအတွက် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရင်း ပြည်သူ့အသံကိုထင်ဟပ်ရင်း ပြည်သူတို့၏ လိုအင်ဆန္ဒများ၊ မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းဆန္ဒများ သက်ဆိုင်ရာ မဲဆန္ဒနယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြမေးမြန်းညှိနှိုင်းဆောင်ရွက်ခြင်းများဖြင့် ဒုတိယအကြိမ်လွှတ်တော် (၅) နှစ်သက်တမ်းအတွင်းသို့ပင် ရောက်ရှိနေပြီးဖြစ်ပါသည်။

လွှတ်တော်ဆိုသည်ကလည်း ပြည်သူ့ဆန္ဒနှင့် ပြည်သူများကရွေးချယ်သည့် ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခန့်အပ်ခံထားရသည့် ကိုယ်စားလှယ်များက နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဥပဒေပြုမဏ္ဍိုင်အနေဖြင့် ထမ်းဆောင်နေသောနေရာတစ်ခုသာဖြစ်သည့် အားလျော်စွာ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁) နိုင်ငံတော်အခြေခံမူများ အပိုဒ် ၁၁(က)၌ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ပါရှိသည်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များသည် မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကိုဆောင်ရွက်ရာ၌ ကြယ်ပွင့်ပြမေးခွန်းများနှင့် ကြယ်ပွင့်မပြမေးခွန်းများကို မေးမြန်းနိုင်သလို လွှတ်တော်သို့ အဆိုများကိုလည်းတင်သွင်းနိုင်ပါသည်။ အဆိုများအားလည်း ရိုးရိုးအဆိုနှင့် အရေးကြီးအဆိုဟူ၍ ခွဲခြားတင်သွင်းနိုင်ပါသည်။



၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၄) ဥပဒေပြုရေးပုဒ်မ ၁၂၇ တွင် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကိုဆောင်ရွက်သည်-(က)နိုင်ငံတော်သမ္မတကပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊ (ခ) နိုင်ငံတော်သမ္မတကပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့လွှတ်တော်ကဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ (င) ပြည်သူ့လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ (စ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ (ဆ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊(ဇ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်းတို့ပါရှိပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၉(က)၌ ပြည်သူ့လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်ဟု ပါရှိပါသည်။

အဆိုများတင်သွင်းခြင်းနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်၌ ဆောင်ရွက်ချက်များအား တင်ပြသွားပါမည်။

၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအခန်း (၁၇) ပုဒ်မ (၁၅၅)၌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကဖြစ်စေ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကိုရယူလိုလျှင် လွှတ်တော်သို့ အဆိုအဖြစ်တင်သွင်းရမည်-(က) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးနှင့်စပ်လျဉ်းသောကိစ္စ၊(ခ) အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် စပ်လျဉ်းသောကိစ္စ၊(ဂ) ဥက္ကဋ္ဌက ခွင့်ပြုသည့် အခြားကိစ္စများကို အဆိုအဖြစ် တင်သွင်းနိုင်ပါသည်။ အဆိုနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များအားလည်း နည်းဥပဒေပုဒ်မ (၁၅၇)၌(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုထိခိုက်စေသော အဆိုမဖြစ်စေရ၊ (ခ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် သက်ဆိုင်ခြင်းမရှိသော အဆိုမဖြစ်စေရ၊(ဂ) အဆိုတွင် လွှတ်တော်အစည်းအဝေး၌ ဆုံးဖြတ်ပြီးသောကိစ္စတစ်ရပ်နှင့် သဘောချင်းတူညီသည့်ကိစ္စမပါရှိစေရ၊ (ဃ)သာမန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ဖော်ပြချက်များမပါရှိစေရ၊ (င) နိုင်ငံရေးကိစ္စကို ဘာသာ၊ သာသနာကိစ္စနှင့် ရောယှက်တင်သွင်းသည့် အဆိုမဖြစ်စေရ စသည်ဖြင့် ပါရှိပြီး အပိုဒ်(စ)၌ ဥက္ကဋ္ဌကခွင့်မပြုသေးမီ မည်သည့်အဆိုကိုမျှ ထုတ်ပြန်ကြေညာခြင်းမပြုရဟု အတိအလင်းပါရှိပါသည်။

အဆိုများတင်သွင်းခွင့်မပြုခြင်းနှင့် ပတ်သက်၍လည်း ပြည်သူ့လွှတ်တော် နည်းဥပဒေပုဒ်မ ၁၅၉ ၌ ဥက္ကဋ္ဌသည် အဆိုတစ်ရပ်ရပ်ကို လက်ခံခွင့်ပြုရန် သင့်၊ မသင့် စဉ်းစားရာ၌ ဤနည်းဥပဒေများနှင့် ညီညွတ်ခြင်းမရှိလျှင် အဆိုတစ်ခုလုံးကိုသော်လည်းကောင်း၊ အဆို၏အစိတ်အပိုင်းကိုသော်လည်းကောင်း ခွင့်မပြုရ။ ထို့အပြင် (အဆိုတင်သွင်းပိုင်ခွင့်)ကို အလွဲသုံးစားပြုသည်ဟုသော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို ဖြစ်စေ၊ လွှတ်တော်၏ အစဉ်အလာများ၊ ထုံးတမ်းများကိုဖြစ်စေ ဖောက်ဖျက်သည်ဟုသော်လည်းကောင်း လွှတ်တော်၏လုပ်ငန်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိပါးစေသည်ဟုသော်လည်းကောင်း ယူဆလျှင် အဆို (သို့မဟုတ်) အဆို၏ အစိတ်အပိုင်းကို ခွင့်မပြုရဟု ပြဋ္ဌာန်းပါရှိပြီးဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်၌ တင်သွင်းသည့် အဆိုများတွင် ရိုးရိုးအဆိုနှင့် အရေးကြီးအဆိုဟူ၍ နှစ်မျိုးရှိပါသည်။ အရေးကြီးကိစ္စတစ်ရပ်ကိုဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းများနှင့် ပတ်သက်၍လည်း ပြည်သူ့လွှတ်တော် နည်းဥပဒေ ၁၆၃ တွင် အတိအလင်းဖော်ပြပြီးဖြစ်ပါသည်။ ပြည်သူ့လွှတ်တော် ၌ တင်သွင်းသည့် ရိုးရိုးအဆို၊ အရေးကြီးအဆိုများနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ပြီး အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ အတည်မပြုခြင်းတို့ကို ဆောင်ရွက်ပါသည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးထိ ရိုးရိုးအဆိုအတည်ပြု ၆၉ ခု၊မှတ်တမ်းတင် ၇၉ ခု၊ အတည်မပြုအဆို ၁၄ ခုနှင့် အရေးကြီးအဆိုအတည်ပြု ၁၈ ခု၊ မှတ်တမ်းတင် ၁၄ ခုတို့အား လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းဆုံးဖြတ်ဆောင်ရွက်ခဲ့ပါသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ ရိုးရိုးအဆိုအတည်ပြု ငါးခု၊ မှတ်တမ်းတင် ၁၁ ခုနှင့် အတည်မပြုနှစ်ခု၊ ရုပ်သိမ်းတစ်ခုတို့အား ဆောင်ရွက်ခဲ့ပြီး အရေးကြီးအဆိုအတည်ပြု ငါးခု၊ မှတ်တမ်းတင်နှစ်ခု၊ အတည်မပြုတစ်ခုတို့အား ဆောင်ရွက်ခဲ့ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့မဲဆန္ဒနယ်မြေရှိပြည်သူများနှင့် တိုက်ရိုက်ထိတွေ့၍ မိမိမဲဆန္ဒနယ်၏ လိုအပ်ချက်များ၊ မဲဆန္ဒရှင်ပြည်သူတို့၏ ဆန္ဒများကို ဖြည့်ဆည်းအကောင်အထည်ဖော်ရန် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရာတွင် လွှတ်တော်၌ အတည်ပြု၊ မှတ်တမ်းတင်သောအဆိုများအား အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသို့ပေးပို့ပါသည်။ ၎င်းကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများ အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ/ မရှိ ဆောင်ရွက်စိစစ်ပါသည်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့သံကိုနားထောင်ရင်း ပြည်သူတို့၏ ဆန္ဒမျှော်လင့်ချက်များကို အဆိုများတင်သွင်းခြင်းဖြင့် လွှတ်တော်အတွင်း၌ ဆောင်ရွက်လျက်ရှိပြီး မြန်မာ့လွှတ်တော်၏ အခန်းကဏ္ဍသည်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် အဓိကကျသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်မှာ ထင်ရှားလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့ မဲဆန္ဒနယ်မြေရှိ ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့၍ မိမိမဲဆန္ဒနယ်၏ လိုအပ်ချက်များ၊ မဲဆန္ဒရှင်ပြည်သူတို့၏ဆန္ဒများကို ဖြည့်ဆည်းအကောင်အထည်ဖော်ရန် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရာတွင် လွှတ်တော်၌ အတည်ပြု၊ မှတ်တမ်းတင်သောအဆိုများအား အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသို့ ပေးပို့ပါသည်**

# မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ၄၅ ခုကို ယာယီအဖွဲ့ချုပ်အဖြစ် ပြင်ဆင်ဖွဲ့စည်း

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး၊ ကြီးကြပ်မှုအဖွဲ့၏ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ပြန်လည်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က “ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်တွေရဲ့ စွမ်းဆောင်ရည်တွေ ပိုမိုတိုးတက်လာပြီး မြန်မာ့အားကစား အဆင့်အတန်းပိုမိုတိုးတက်လာစေဖို့၊ အားကစားလှုပ်ရှားမှုတွေမှာ ပြည်သူတွေ တစ်ခဲနက်ပါဝင်ပူးပေါင်းလာစေဖို့နဲ့ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များရဲ့အလုပ်အမှုဆောင်များကို ပွင့်လင်းမြင်သာစွာ ပြန်လည်ရွေးချယ်တင်မြှောက်နိုင်စေဖို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလို မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်တွေ ပြန်လည်ရွေးချယ်ရာမှာ အားကစားနည်းအလိုက် ပံ့ပိုးပေးမယ့် လုပ်ငန်းရှင်တွေ၊ အားကစားသမားဟောင်းတွေ၊ နည်းပြတွေ၊ ဒိုင်လူကြီးတွေ၊ အားကစားကလပ်အသင်းတွေ၊ အားကစားဝန်ကြီးဌာနမှ အမှုထမ်းအရာထမ်းတွေ၊ အားကစားလုပ်ငန်းဆောင်ရွက်သူအားလုံးပါဝင်နိုင်ဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးရဲ့ ခွင့်ပြုချက်အရ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်မှုအဖွဲ့ကို အဖွဲ့ဝင်ခြောက်ဦးနဲ့အတူ ရွေးချယ်တာဝန်ပေးခဲ့ပါတယ်။ ဒီကြီးကြပ်ရေးအဖွဲ့အနေနဲ့ သက်ဆိုင်ရာအားကစားနည်းအလိုက်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်တွေဦးဆောင်တဲ့ အဖွဲ့ချုပ်အသီးသီးမှ ကိုယ်စားလှယ်တွေကို တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။ အဖွဲ့ချုပ်တွေ အဆိုပြုလာတဲ့ အမည်စာရင်းကို စိစစ်ရပါတယ်။ ဒါ့အပြင် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနကို တင်ပြခဲ့ရပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယာယီအဖွဲ့ချုပ်များ စာရင်းထုတ်ပြန်ပေးခဲ့ပါတယ်။ ဒီကနေ့အထိ အဖွဲ့ချုပ် ၄၉ ခုရှိရာမှာ ၄၅ ခုကို ယာယီအားကစားအဖွဲ့ချုပ်များအဖြစ် ပြင်ဆင်ဖွဲ့စည်းထုတ်ပြန်ပြီး ဖြစ်ပါတယ်။ သုံးခု ကတော့ ပြန်လည်ဖွဲ့စည်းဆောင်ရွက်ဆဲဖြစ်ပါတယ်။ Netball ကတော့ ဒီနေ့အထိ ပြန်လည် ဖွဲ့စည်းနိုင်မှု မရှိပါဘူး။ ဒီလို ဖွဲ့စည်းပြီးသွားတဲ့ ယာယီအားကစားအဖွဲ့ချုပ်တွေအနေနဲ့ လာမယ့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းမှာ အောင်မြင်အောင် ကြိုးစားရမှာဖြစ်ပြီး ဆီးဂိမ်းပြီးနောက် ယာယီအဖွဲ့များကို ပြန်လည်အတည်ပြု ရွေးချယ်သွားမှာဖြစ်ပါတယ်” ဟု ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခုနှစ်ဇူလိုင် ၂၄ ရက်တွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဟောင်း ဦးအောင်ဒင်(အဖွဲ့ခေါင်းဆောင်) အပါအဝင် ခြောက်ဦးအား မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်မှုအဖွဲ့ကို တာဝန်ပေးအပ်ခဲ့ပြီး ဩဂုတ် ၂ ရက်မှစတင်ကာ အားကစားအဖွဲ့ချုပ်တစ်ဖွဲ့ချင်းစီအလိုက် ပြင်ဆင်ဖွဲ့စည်းနိုင်ရေး တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ခဲ့ရာ ငါးလတာကာလအတွင်း ယာယီအားကစားအဖွဲ့ချုပ်များ ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခု ယာယီအားကစားအဖွဲ့ချုပ်များတွင် ယခင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ၃၁ ဦး ပြန်လည်ပါဝင်လာကြောင်း သိရသည်။

**မြင့်မောင်စိုး**

# သဘော်ကျင်းလမ်းဆုံ လမ်းမကြီး၌ အချိန်ကြန့်ကြာမှုမရှိစေဘဲ ဘေးကင်းလုံခြုံစွာ ဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်ပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

လာမည့်ဘဏ္ဍာနှစ်များတွင် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဒေါပုံမြို့နယ် သဘော်ကျင်းလမ်းဆုံ၌ လူကူးခုံးကျော်တံတားတစ်စင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့တွင် ပြောကြားသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက ပြည်သူများ သဘော်ကျင်းလမ်းဆုံ လမ်းမကျယ်ကြီးကို ဖြတ်ကူးရာ၌ လူကူးမျဉ်းကျားမရှိ၍ ယာဉ်တိုက်မှုများဖြစ်ပွားနေကြောင်း၊ နောင်တွင် ထိုအန္တရာယ်များ မဖြစ်ပေါ်စေရန် စနစ်တကျ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပြီး သင့်လျော်သောနေရာများတွင် လူကူးမျဉ်းကျားများထားရှိပေးခြင်း၊ လိုအပ်ပါက အချက်ပြမီးပွိုင့်များ ထားရှိခြင်းတို့ကိုပြုလုပ်၍ သဘော်ကျင်းလမ်းဆုံ လမ်းမကြီးကို အသုံးပြုနေရသော ပြည်သူများ အချိန်ကြန့်ကြာမှုမရှိစေဘဲ လွယ်ကူချောမွေ့ ဘေးကင်းလုံခြုံစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်

ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချိုမေးမြန်းသည့် **ဒေါပုံမြို့နယ်ရှိ သဘော်ကျင်းလမ်းဆုံ လမ်းမကျယ်ကြီးတွင် အများပြည်သူဘေးကင်းလုံခြုံစွာ ဖြတ်သန်းနိုင်ရေးအတွက် သင့်လျော်သည့်အစီအမံများ စီစဉ်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ထိုသို့ ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် သဘော်ကျင်းလမ်းဆုံ လမ်းမကျယ်ကြီးတွင် ပြည်သူများ၊ ကုန်သေတ္တာတင်ယာဉ်ကြီးများ၊ ခရီးသည်တင်မော်တော်ယာဉ်များနှင့် မော်တော်ယာဉ်အမျိုးမျိုး စဉ်ဆက်မပြတ် သွားလာနေကြသောကြောင့် လမ်းမကြီး၏ တစ်ဖက်ယာဉ်သွားလမ်းမှ အခြားတစ်ဖက်သို့ ဖြတ်ကူးရာ၌ အချိန်ကြန့်ကြာမှုရှိနေခြင်းအပြင် မကြာခဏ ယာဉ်တိုက်မှုများဖြစ်ပြီး အသက်ဆုံးရှုံးမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး၏ **ချီဖွေမှဆော့လော်မြို့သို့ ဆက်သွယ်ထားသော ၃၄ မိုင်လမ်းဟောင်းကို အမြန်ဆုံးဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ချီဖွေမှ ဆော့လော်သို့ ဆက်သွယ်ထားသည့် ချီဖွေ-ဆော့လော်လမ်းပိုင်း ၃၄ မိုင်အား နယ်မြေအခြေအနေ အေးချမ်းတည်ငြိမ်မှုရရှိသည့်အခါ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်၏ **တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ မင်းရဲကျော်စွာ ၅ လမ်းနှင့် ၆ လမ်းကြား၊ ၇ ရပ်ကွက်ရှိမြေကွက်၊ မင်းရဲကျော်စွာ ၅ လမ်း(ခ)နှင့် ၉ လမ်း(ခ)ကြား၊ ၇ ရပ်ကွက်ရှိ မြေကွက်နှင့် ပင်းယ ၁၇ လမ်းနှင့် ၁၈လမ်းကြား ၅ ရပ်ကွက်ရှိ** 



ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို

**မြေကွက်တို့ကို မူလမြေကွက်အတိုင်း ဆက်လက်ထားရှိပြီး ဂရန်ချထားပေးခြင်းဆောင်ရွက်မှုကို တားဆီးပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က တောင်ဥက္ကလာပမြို့နယ် စတင်တည်ထောင်စဉ်ကတည်းက မီးတားမြေ၊ ပလပ်မြေများအဖြစ် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန (ယခင်မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန) မှ ၁၉၉၂ ခုနှစ်ခန့် ကာလများတွင် လွှဲပြောင်းပေးအပ်ခဲ့သော မြို့ကွက်ကျမြေပုံတွင် မှတ်သားတည်ရှိခဲ့ခြင်း မရှိပါကြောင်း၊ မြေပြင်၌လည်း မြို့ကွက်ကျတည်ရှိမှုကို ထိခိုက်ဟန့်တားမှုမရှိသော မြေကွက်လပ် မြေနေရာများဖြစ်သဖြင့် လွှဲပြောင်းပေးအပ်စဉ်က မြို့မြေစာရင်းနှင့်မြေငှားခ စည်းကြပ်မှုစာရင်းတို့တွင် ပါဝင်မှုမရှိပါကြောင်း။

အဆိုပါ မြေငှားစာချုပ်(ဂရန်)၊ မြေချပါမစ် ခွင့်ပြုဆောင်ရွက်ခဲ့ခြင်းသည် ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ၏ ပုဒ်မ ၁၅၊ ပုဒ် မခွဲ (က)တွင်"ကော်မတီသည် ဤဥပဒေ နှင့် တည်ဆဲဥပဒေများနှင့်အညီ ကော်မတီပိုင်မြေများ၊ ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများ၊ တည်ဆဲဥပဒေနှင့်အညီ သိမ်းယူထားသော မြေများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ လွှဲပြောင်းရယူထားသော မြေများကိုလည်းကောင်း၊ ပုဂ္ဂလိကပိုင် မြေများနှင့် မြေငှားစာချုပ်ဖြင့်ဖြစ်စေ၊ လိုင်စင်ဖြင့်ဖြစ်စေ၊ ပါမစ်ဖြင့်ဖြစ်စေ၊ ပုဂ္ဂလိကအားနေထိုင်ခွင့်၊ အသုံးပြုခွင့်ပေးထားသောမြေများကိုလည်းကောင်း စီမံခန့်ခွဲပိုင်ခွင့်ရှိသည်"။ ပုဒ်မ ၁၅ ပုဒ်မခွဲ (ဂ) တွင် "မြေငှားစာချုပ်များ၊ လိုင်စင်များ၊ ပါမစ်များထုတ်ပေးခြင်း၊ သက်တမ်းသတ်မှတ်၍ နေထိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် စည်းကမ်းဖောက်ဖျက်ပါက ယင်းတို့ကို ဖျက်သိမ်းခြင်းပြုနိုင်သည်"။ ပုဒ်မ ၁၅ ပုဒ်မခွဲ (ဃ)တွင် "မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်ခြင်းမရှိသည့်နေရာများကို စနစ်တကျ မြို့ကွက်ရိုက်ခြင်းနှင့် ပြန်လည်နေရာချထားခြင်းတို့ ပြုလုပ်နိုင်သည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ မေးခွန်းပါ မြေနေရာများအား မြေငှားစာချုပ် (ဂရန်)၊ မြေချပါမစ်ခွင့်ပြုထုတ်ပေးခဲ့ခြင်းများသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စိစစ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၏ **တမူးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်သို့ ဆက်သွယ်ဖောက်လုပ်ထားသော ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကက်သာ-အောင်ဇေယျလမ်းပိုင်းအား ရာသီမရွေးသွားလာနိုင်သော လမ်းမကြီးအဖြစ်မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍လည်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ကက်သာ - အောင်ဇေယျလမ်းအား ဘဏ္ဍာနှစ်အလိုက် ခွဲဝေရရှိသည့် ရန်ပုံငွေအပေါ်မူတည်၍ လမ်း၊ တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို စီမံချက်ရေးဆွဲပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အကုန်တွင် ရာသီမရွေးသွားလာနိုင်သည့် ကျောက်လမ်းအဆင့်သို့ ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# အမေရိကန်ဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် ငွေကြေးခဝါချမှုများကို အကောင်အထည်ဖော်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ စကော့မာစီရယ်နှင့် အဖွဲ့အားယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံဆွေးနွေးစဉ် အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားလိုက်ပြီးနောက် အမေရိကန်ဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် ငွေကြေးခဝါချမှုများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စ၊ ဘဏ်လုပ်ငန်းစီမံခန့်ခွဲမှုနှင့် တရားမဝင်ငွေကြေးများ စောင့်ကြည့်လေ့လာမှုကိစ္စ၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အပြန်အလှန် အကူအညီပေးရေးအတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများ၊ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးတွင် အထောက်အကူပြုနိုင်မည့် Company Law နှင့် IP Law များပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်ကိစ္စများ၊ ဥပဒေရေးရာကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မီးဘေးသင့်အိမ်ထောင်စုများအား စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဘူးသီးတောင်မြို့နယ် ဖုံညိုလိပ်ကျေးရွာတွင် ဒီဇင်ဘာ ၁၅ ရက် နံနက် ၂ နာရီခန့်က ကော်ဘီရာမောက်၏ နေအိမ်မှစတင်၍ မီးလောင်ကျွမ်းခဲ့ရာ နေအိမ် ရှစ်လုံးနှင့် ဈေးဆိုင်ခန်း ကိုးခန်း မီးလောင်ကျွမ်းခဲ့ပြီး ၎င်း၏သားနှစ်ဦး မီးလောင်သေဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးဘေးသင့်အိမ်ထောင်စုများအား ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရဲတပ်ဖွဲ့ဝင်များနှင့် စေတနာရှင်အလှူရှင်များက အိမ်ထောင်စု ရှစ်စု၊ လူဦးရေ ၅၀ တို့အတွက် စားသောက်ကုန်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၆၂၉၀၀၀ ခန့် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး အိုင်ကလောင်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်သင်းသင်းနွဲ့သည် ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီး ဦးတင်ထွေး၊ တိုက်ကြီးမြို့နယ် တရားသူကြီး ဦးမျိုးထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက တိုက်ကြီးမြို့နယ် အိုင်ကလောင်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တရားသူကြီး ဒေါ်သင်းသင်းနွဲ့သည် စခန်းရှိ အကျဉ်းသားများနှင့်တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေနှင့် အသက်မွေးမှုအတတ်ပညာ သင်ကြားပေးမှု အခြေအနေများ၊ ၎င်းတို့၏နေထိုင် စားသောက်ရေး၊ ဥပဒေပါ အခွင့်အရေးများခံစားရရှိခွင့် ရှိ၊ မရှိကို ဆွေးနွေးမေးမြန်းကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် စခန်းရှိ တာဝန်ရှိသူများအား ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**ကိုလတ် (သတင်းစဉ်)**

# ရုရှားသံအမတ်ကြီး တူရကီနိုင်ငံ အန်ကာရာမြို့၌ လုပ်ကြံသတ်ဖြတ်ခြင်းခံရ

**အန်ကာရာ ဒီဇင်ဘာ ၂၀**

တူရကီနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး အန်ဒရီကာလို့ဗ်သည် ယမန်နေ့က တူရကီနိုင်ငံ ပန်းချီပြပွဲ ဖွင့်ပွဲအခမ်းအနား၌ တာဝန်ပြင်ပရောက်ရှိနေသော တူရကီရဲအရာရှိတစ်ဦး၏အနီးကပ် လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

အဆိုပါ သတင်းကို ရုရှားသမ္မတ ဗလာဒီမာပူတင်သိရှိပြီးနောက် လတ်တလောတွင် သက်ဆိုင်ရာရုရှားဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ယင်းကိစ္စအပေါ် ဆွေးနွေးနေကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဒီမီထရီပက်စ်ကော့ဗ်၏ ပြောကြားချက်ကို ကိုးကားကာ အင်တာဖက်သတင်းဌာနက ဖော်ပြခဲ့သည်။

ယင်းတိုက်ခိုက်မှုကို အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုအဖြစ် ရုရှားနိုင်ငံက ကြေညာခဲ့ပြီး ရုရှားထောက်လှမ်းရေးကော်မတီက သံတမန်နည်းလမ်းအရ အမှုဖွင့်ထားကြောင်း သိရသည်။

ရုရှားသံအမတ်ကြီး လုပ်ကြံသတ်ဖြတ်ခံရခြင်းအပေါ် တရားဥပဒေကြောင်းအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တူရကီနိုင်ငံက ပြောကြားခဲ့သည်။

ယင်းကိစ္စကြောင့် ယနေ့ ဒီဇင်ဘာ ၂၀ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၀ ရက်တွင် ဆီးရီးယားအကျပ်အတည်းအပေါ် ရုရှား၊ တူရကီနှင့် အီရန်သုံးနိုင်ငံတို့ဆွေးနွေးပွဲကျင်းပခြင်းမတိုင်မီ သံအမတ်ကြီးလုပ်ကြံခံရခြင်းဖြစ်ကြောင်း သိရသည်။

အန်ကာရာ၌ ရုရှားသံအမတ်ကြီး လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသော်လည်း တူရကီနိုင်ငံနိုင်ငံခြားရေးဝန်ကြီး မက်လပ်တ်ကာဘူဆိုကလူအနေဖြင့် ရုရှားသို့ သွားရောက်မည့်ခရီးစဉ်ကို ပယ်ဖျက်မည်မဟုတ်ကြောင်း သိရသည်။

ရုရှားသံအမတ်ကြီး လုပ်ကြံသတ်ဖြတ်ခြင်းခံရသည့်အတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဝမ်ရိက ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်ထံ ယနေ့ပေးပို့ခဲ့သည်။

သေနတ်ပစ်ခတ်မှုကြောင့် တူရကီရှိ ရုရှားသံရုံးကို ပိတ်ထားခဲ့ပြီး သံသယရှိသူ ခြောက်ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**



ဓာတ်ပုံ - (ရိုက်တာ)

# ဝင်ရိုးစွန်းသုတေသနပြုလုပ်ရန် ပထမဆုံးရေခဲခွဲသင်္ဘော တရုတ်တည်ဆောက်



**ပေကျင်း ဒီဇင်ဘာ ၂၀**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ဝင်ရိုးစွန်းဒေသပိုလာဝက်ဝံ သုတေသနပြုလုပ်ရန် ပထမဆုံးရေခဲခွဲသင်္ဘောကို တည်ဆောက်နေကြောင်း တရုတ်နိုင်ငံ ဝင်ရိုးစွန်းသုတေသနတက္ကသိုလ်က ပြောသည်ဟု ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

ယင်းသုတေသန သင်္ဘော တည်ဆောက်ခြင်းကို ဒီဇင်ဘာ ၂၀ ရက်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်္ဘောတည်ဆောက်မှုကို ၂၀၁၉ ခုနှစ်တွင် အဆုံးသတ်ရန် ရည်ရွယ်ထားပြီး သိပ္ပံဆိုင်ရာ စူးစမ်းလေ့လာမှုလုပ်ငန်းများတွင် နှင်းနဂါးသုတေသနသင်္ဘောနှင့် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဂျူးရစ်ဘာသာရေးအဆောက်အအုံတွင် လူသုံးဦးကို ပစ်ခတ်ခဲ့သည့် သေနတ်သမားသေဆုံး

**ဇူးရစ် ဒီဇင်ဘာ ၂၀**

ဇူးရစ်မြို့ရှိ ဘာသာရေးအဆောက်အအုံတစ်ခုတွင် တနင်္လာနေ့က လူသုံးဦးအား ပစ်ခတ်ခဲ့သည့် သေနတ်သမားသေဆုံးသွားပြီဖြစ်ကြောင်း အင်္ဂါနေ့တွင် ရဲအဖွဲ့က ပြောကြားခဲ့သည်။ အခင်းဖြစ်ပွားခဲ့သည့် နေရာအနီးတွင် တွေ့ရှိရသည့် သေဆုံးသူမှာအဆိုပါသေနတ်သမား၏ ရုပ်အလောင်း ဖြစ်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

သေနတ်သမားသည် အစ္စလာမ်ဘာသာဝင်များ ဝတ်ပြုကိုးကွယ်ရာ ဘာသာရေးအဆောက်အအုံအတွင်းသို့ ဝင်ရောက်ခဲ့ကာ ဝတ်ပြုကိုးကွယ်သူများအား သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်။

သေဆုံးသွားသည့်သေနတ်သမား၏အလောင်းကို အခင်းဖြစ်ပွားရာနေရာမှ မီတာ၃၀၀လောက်တွင်တွေ့ရှိခဲ့သည်ဟု ရဲဌာနဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

ညနေ ၅ နာရီခွဲတွင် ဖြစ်ပွားခဲ့သည့် အဆိုပါသေနတ်ပစ်ခတ်မှုတွင် သေနတ်ပစ်ခတ်ခံရသူသုံးဦးအနက် နှစ်ဦးမှာ အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**(ရိုက်တာ)**

# ဘာလင်မြို့ရှိ ခရစ္စမတ်ဈေးအတွင်း ထရပ်ကားဖြင့်အတင်းဝင်တိုက်ခဲ့မှုဖြစ်ပွား

**ဘာလင် ဒီဇင်ဘာ ၂၀**

ဂျာမနီနိုင်ငံ၏ အချက်အချာဖြစ်သည့် ဘာလင်မြို့ရှိ ခရစ္စမတ်ဈေး၌ အမျိုးသားတစ်ဦးက ကုန်ကားတစ်စီးကို မောင်းနှင်လာပြီး အတင်းဝင်တိုက်ခဲ့မှုကြောင့် လူ ၁၂ ဦးသေဆုံးကာ ၄၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဂျာမနီရဲများသည် အဆိုပါတိုက်ခိုက်မှုကို ဖြစ်နိုင်ဖွယ်ရှိသော အကြမ်းဖက်မှုတစ်ခုအနေဖြင့် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြသည်။

သံထည်ပစ္စည်းများ တင်ဆောင်ထားသည့် ထရပ်ကားသည် မြို့တော်၏ အစည်ကားဆုံးအချိန်ဖြစ်သည့် ဒေသစံတော်ချိန် ည ၈ နာရီတွင် ဈေးအတွင်း မောင်းနှင်ဝင်ရောက်လာပြီး လူများကို အတင်းဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထရပ်ကားမောင်းသူမှာ ပြီးခဲ့သည့်နှစ်က ဂျာမနီနိုင်ငံအတွင်းသို့ ရွှေ့ပြောင်းခိုလှုံသူအဖြစ် ဝင်ရောက်လာခဲ့သူဖြစ်ပြီး သေးငယ်သော ရာဇဝတ်မှု ကျူးလွန်သူအဖြစ် ရဲအဖွဲ့က သိရှိခဲ့သော်လည်း အကြမ်းဖက်မှုများနှင့် ပတ်သက်ဆက်နွှယ်သည်ဟူသော အထောက်အထားများ တွေ့ရှိခဲ့ရခြင်း မရှိဟု ဆိုထားသည်။

ရဲများသည် ထရပ်ကားဖြင့် ဝင်တိုက်ခဲ့သူ နေထိုင်သည်ဟု ယူဆရသော အသုံးပြုခြင်းမရှိတော့သည့် ဘာလင်လေဆိပ်ရှိ ဒုက္ခသည်တဲစခန်းများရှိရာ နေရာသို့ သွားရောက်ကာ ရှာဖွေမှုများ လုပ်ဆောင်ခဲ့ကြောင်း ဂျာမနီသတင်းမီဒီယာက ဖော်ပြသည်။ ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်က အဆိုပါလုပ်ရပ်ကို အကြမ်းဖက်လုပ်ရပ်တစ်ခုဟု ယူဆကြောင်း၊ တိုက်ခိုက်မှုကို နောက်ကွယ်မှ ကြိုးကိုင်သူကို ဥပဒေအရ အမြန်ဆုံးအပြစ်ပေးနိုင်ရေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အင်္ဂါနေ့က ပြောကြားခဲ့သည်။

**(ရိုက်တာ)**




# မားစ်ကိုရိုနာ ဗိုင်းရပ်စ်ပျံ့နှံ့မှုတိုက်ဖျက်ရန် ဆော်ဒီလုပ်ဆောင်

**ရီယာဒ့် ဒီဇင်ဘာ ၂၀**

မားစ်ကိုရိုနာ(Middle East Respiratory Syndrome (MERS) corona) ဗိုင်းရပ်စ်ကူးစက်မှုမြင့်မားလာသည့်အတွက် ဆော်ဒီအာရေဗျနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ရာသီအလိုက် ဖြစ်ပေါ်သည့် တုပ်ကွေးရောဂါကာကွယ်ဆေးနှင့်အတူ ယင်းဗိုင်းရပ်စ်ကာကွယ်ဆေးများကို လူပေါင်းနှစ်သန်းကျော်အားထိုးပေးခဲ့ကြောင်း ဒေသခံသတင်းစာ အိုကဇ်ဇ်က ဒီဇင်ဘာ ၁၀ ရက်က ဖော်ပြခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးသောနေရာများတွင် ယင်းရောဂါပိုး ပျံ့နှံ့မှုကို ၉၀ ရာခိုင်နှုန်း ထိန်းချုပ်နိုင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ကြေညာသည်။

အဆိုပါ ဗိုင်းရပ်စ်အန္တရာယ်မှ ကာကွယ်ရန် ဆော်ဒီအာရေဗျတစ်နိုင်ငံလုံးအလေးအနက်ထား လုပ်ဆောင်ခဲ့ပြီး မားစ်ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် လူတစ်ဦးသေဆုံးခဲ့ကာ ထပ်မံကူးစက်ခံရသူ အမျိုးသားနှစ်ဦးရှိကြောင်း ယမန်နေ့က ကြေညာခဲ့သည်။

ယင်းရောဂါကို ဆော်ဒီအာရေဗျနိုင်ငံတွင် တွေ့ရှိသည့် ၂၀၁၂ ခုနှစ်မှစကာ လူရာပေါင်းများစွာ သေဆုံးခြင်း၊ ကူးစက်ခံရခြင်းများ ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပြီး ယင်းမှတ်တမ်းသည် ကမ္ဘာပေါ်တွင် ဖြစ်ပွားမှုနှုန်း အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။


**(ဆင်ဟွာ)**

# စစ်ဘေးရှောင်ပြည်သူများ မုံးကိုးမြို့အတွင်း ပြန်လည်ဝင်ရောက်နေထိုင်မှုများကို ဆက်လက်စိစစ်လက်ခံ



**နေပြည်တော် ဒီဇင်ဘာ ၂၀**
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ဒေသအတွင်း KIA /TNLA / MNDAA/ AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာ၍ စစ်ဘေးရှောင်နေကြသည့် ဒေသခံပြည်သူများသည် ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီခန့်မှ စတင်၍ မုံးကိုးမြို့သို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ နယ်စပ်ဝင်ပေါက်ဂိတ်၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျ စစ်ဆေးလက်ခံလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ထိုသို့ စိစစ်လက်ခံလျက်ရှိရာ ယနေ့တွင် မုံးကိုးမြို့ရှိ ရပ်ကွက်အသီးသီးနှင့် ကျေးရွာများမှ အိမ်ထောင်စု ၉၉ စု၊ ကျား ၂၇၃ ဦး၊ မ ၂၃၄ ဦး စုစုပေါင်း ၅၀၇ ဦးအား စိစစ်လက်ခံခဲ့ပြီး ယနေ့အထိ အိမ်ထောင်စု ၂၂၄၇စု၊ ကျား ၄၈၂၀ ဦး၊ မ ၅၀၅၂ ဦး စုစုပေါင်း ၉၈၇၃ ဦး တို့ကို စိစစ်လက်ခံနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**



# KIA လက်နက်ကိုင်အဖွဲ့က UAV များဖြင့် သတင်းထောက်လှမ်း

**နေပြည်တော် ဒီဇင်ဘာ ၂၀**
ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်း အခြေပြုနေရာသို့ KIA လက်နက်ကိုင်အဖွဲ့က UAV များ အသုံးပြု၍ ယမန်နေ့ နံနက် ၁၀ နာရီခန့်မှ မွန်းလွဲ ၁ နာရီခွဲခန့်အတွင်း ဝေဟင်မှ သတင်းထောက်လှမ်းခဲ့ရာ တပ်မတော်စစ်ကြောင်းက လက်နက်ငယ်ဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့သဖြင့် UAV သုံးစင်း ကောင်းကင်၌ ပေါက်ကွဲပျက်စီးကာ ကျန်တစ်စင်းမှာ လက်နက်ငယ်ကျည်ထိမှန်မှုကြောင့် ပျက်ကျပြီး သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ UAV အား စစ်ဆေးရာ ဖောက်ခွဲတိုက်ခိုက်ရန် TNT ယမ်းထုပ်များ တပ်ဆင်ထားပြီး ဘက်ထရီ သုံးလုံး၊ အလိုအလျောက်ပျံသန်းမှုစနစ် တစ်ခု၊ ကင်မရာ တစ်လုံး၊ မော်တာ ငါးခု၊ GPS တစ်ခု၊ Auto Pilot Sensor တစ်ခုတို့ ပါရှိသည်ကို ကနဦးစစ်ဆေးတွေ့ရှိရပြီး လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

**ကားနှင့် ကားပေါ်ပါလူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် "ကား" တိုင်းတွင် မီးသတ်ဆေးဘူးဆောင်ထားပါ** မီးသတ်ဦးစီးဌာန

# တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အကျဉ်းထောင် စစ်ဆေး

**မြောင်းမြ ဒီဇင်ဘာ ၂၀**
ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးကျော်မင်းသည် တိုင်းဒေသကြီး တရားသူကြီးချုပ်ရုံး ရုံးအဖွဲ့မှူးနှင့် ခရိုင်တရားသူကြီး ဦးသောင်းဌေးတို့နှင့်အတူ ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက မြောင်းမြ အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ မြောင်းမြအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ရွှေက အကျဉ်းသားအကျဉ်းသူများအား နေရာထိုင်ခင်း သက်သာချောင်ချိစေရန်၊ သန့်ရှင်းစွာထားရှိမှု၊ စားသောက်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေး စောင့်ရှောက်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးက အကျဉ်းကျခံနေရသော အကျဉ်းသားများနှင့် အချုပ်တရားခံများအား နှိပ်စက်ညှဉ်းပန်းမှု၊ မတရားပြုမှု ရှိ မရှိ၊ ဥပဒေပါ အခွင့်အရေးများရရှိခြင်း ရှိ မရှိတို့နှင့် စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေး မေးမြန်းကာ အကျဉ်းထောင်လက်စွဲနှင့်အညီ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးသည် မြောင်းမြမြို့မရဲစခန်း အချုပ်ခန်း၊ လပွတ္တာမြို့မရဲစခန်း အချုပ်ခန်းနှင့် အိမ်မဲမြို့မရဲစခန်း အချုပ်ခန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။
**အောင်မင်း(မြောင်းမြ)**

# ကျောက်ဖြူမြို့နယ် မလကျွန်းကျေးရွာ၌ လယ်သမားများ ဆန္ဒဖော်ထုတ်

**ကျောက်ဖြူ ဒီဇင်ဘာ ၂၀**
ကျောက်ဖြူမြို့နယ် လိပ်ခမော်ကျေးရွာအုပ်စု မလကျွန်းကျေးရွာတွင် ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီကျော်က မလကျွန်းကျေးရွာ လယ်သမား ၂၁ ဦး၏ လယ်ယာမြေများပေါ်သို့ CMPC ကုမ္ပဏီက အဆောက်အအုံဆောက်ရန် မြေနေရာအား ရှင်းလင်းရာတွင် ၎င်းတို့ပိုင်မြေပေါ်သို့ မြေများဖုံးလွှမ်းနေမှုကို ပြန်လည်ဖယ်ရှားပေးပါရန် ပြောကြားခဲ့ရာတွင် ဆောင်ရွက်ပေးခြင်းမရှိ၍ ကံ့ကော်တောဘုရားမှစတင်၍ CMPC ကုမ္ပဏီရှေ့သို့ စုစုပေါင်း လယ်သမား အင်အား ၁၀၀ ခန့်က ဒေသခံလယ်ပိုင်ရှင်များ၏ အခွင့်အရေးကို အလေးထားပါ၊ နစ်နာဆုံးရှုံးနေသော လယ်သမားများအရေး အစိုးရမှ ချက်ချင်းဖြေရှင်းပေးစေသည့် ဗီနိုင်းပိုစတာများ ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ **(အောက်ပုံ)**

ဆန္ဒဖော်ထုတ်ရာတွင် ယခုအကြိမ်သည် သုံးကြိမ်မြောက်ဖြစ်ကြောင်း လိပ်ခမော်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးသွင်က ပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန် / ဆက်)**



# လှိုင်မြစ်ကမ်းတစ်လျှောက် စက်တပ်လှေများအသုံးပြုကာ အုပ်စုဖွဲ့ခိုးမှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၂၀**
ရန်ကုန်တိုင်းဒေသကြီး လှိုင်မြစ်ကမ်းတစ်လျှောက်တွင် ညအချိန်၌ စက်တပ်လှေများ အသုံးပြုပြီး မျက်နှာဖုံးများစွပ်၍ အုပ်စုဖွဲ့ လက်နက်များကိုင်ဆောင်ကာ ခိုးမှုကျူးလွန်သူများအား တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိကြောင်း သိရသည်။



မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် အင်းစိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၃ ရက် နံနက် ၂ နာရီခန့်က လှိုင်မြစ်ကြောင်း တစ်လျှောက်တွင် လှည့်ကင်းဆောင်ရွက်စဉ် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ရေခဲစက်ရုံအနီးရှိ ကျောက်တံတားတွင် ဆိုက်ကပ်ထားသော မသင်္ကာလှေတစ်စင်းအား တွေ့ရှိသဖြင့် ပိုင်ရှင်အားစုံစမ်းခဲ့ရာ လှေပိုင်ရှင်မှာ လှိုင်သာယာမြို့နယ် ဒိုင်စုကျေးရွာနေ ကျော်ကျော်(ခ)အကြီးကောင်၏ လှေဖြစ်ကြောင်း သိရသဖြင့် ဒီဇင်ဘာ ၁၇ ရက် နံနက် ၅ နာရီတွင် ကျော်ကျော်(ခ)အကြီးကောင်အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းနှင့်အတူ လှိုင်သာယာမြို့နယ်နေ မျိုးဇော်ထွန်း(ခ)ပိစိ၊ နိုင်ဇော်(ခ)သောင်ယံဦး(ခ)သောင်ပုံဦး၊ သက်ဝင်းအောင်(ခ)သံလုံး၊ မျိုးဝင်း၊ ဇော်လင်းထိုက်(ခ)ကိုထိုက်၊ မျိုးမင်းနိုင်၊ သူရဝင်းတို့မှာ ပြစ်မှုကျူးလွန်ရာတွင် အတူပါဝင်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ခဲ့ရာ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မျိုးဇော်ထွန်း(ခ)ပိစိအား ကမာရွတ်မြို့နယ်မှ လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် နိုင်ဇော်(ခ)သောင်ယံဦး(ခ)သောင်ပုံဦးနှင့် သက်ဝင်းအောင်(ခ)သံလုံးတို့နှစ်ဦးအား လှိုင်မြစ်အတွင်းမှ လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက် နံနက် ၂ နာရီတွင် မျိုးဝင်းအား လှိုင်သာယာမြို့နယ် ဒိုင်စုကျေးရွာအနီး လမ်းမပေါ်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့ ဖော်ထုတ်ချက်များအရ အင်းစိန်မြို့နယ်၊ လှိုင်သာယာမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်များအတွင်း မြစ်ကမ်းတစ်လျှောက် ဆိုက်ကပ်ထားသော သင်္ဘောနှင့် အနီးဝန်းကျင်ရှိ စက်ရုံများ၊ အဆောက်အအုံများအတွင်းမှ ငွေနှင့် ပစ္စည်းများကို ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပြီး ခိုးယူရရှိသည့် သက်သေခံပစ္စည်းများဖြစ်သည့် လက်တော့ပ် သုံးလုံး၊ မော်တာ တစ်လုံး၊ ပေါ်တေဘယ် တစ်လုံး၊ ဆောင်းဘောက် တစ်လုံးနှင့် ဆိုင်ကယ် နှစ်စီးနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ဓားမျိုးစုံ ခုနစ်လက်၊ ပလာယာ သုံးခု၊ ဆောက် တစ်ခု၊ လေးခွ သုံးလက်၊ ပုဆိန် သုံးလက်၊ ဓာတ်မီး သုံးလက်နှင့် လှေ တစ်စင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်များအရ အင်းစိန်မြို့မရဲစခန်းတွင် ရေးဖွင့်ထားသည့် ခိုးမှု နှစ်မှု၊ လှိုင်သာယာမြို့မရဲစခန်းတွင် ရေးဖွင့်ထားသည့် ခိုးမှု တစ်မှုအပြင် အခြားခိုးမှု လေးမှုကိုလည်း ဖော်ထုတ်ရရှိကြောင်း၊ အခြားပြစ်မှုများ ကျူးလွန်ခြင်း ရှိ၊ မရှိ ဆက်လက်စစ်ဆေးလျက်ရှိပြီး ပြစ်မှုကျူးလွန်ရာတွင်ပါဝင်ပြီး တိမ်းရှောင်နေသူ ဇော်လင်းထိုက်(ခ)ကိုထိုက်၊ မျိုးမင်းနိုင်နှင့် သူရဝင်းတို့အား အမြန်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဖြစ်စဉ်များအား ပြည်တွင်းပြည်ပသတင်းမီဒီယာများ မြေပြင်ကွင်းဆင်းသတင်းရယူ

**မောင်တော ဒီဇင်ဘာ ၂၀**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်းလေ့လာရန် ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဘူးသီးတောင်မြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့သည် ဘူးသီးတောင်မြို့နယ်ရှိ မြို့နယ်ပြည်သူ့ ဆေးရုံသို့ရောက်ရှိကြပြီး လူမျိုးဘာသာမရွေး ကုသပေးနေမှု အခြေအနေကို မေးမြန်းကြရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းထွန်းကျော်နှင့် တာဝန်ရှိသူများက မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် ဘူးသီးတောင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် အေးချမ်းစွာ ပညာသင်ကြားနေမှု အခြေအနေကို လေ့လာခဲ့ကြသည်။ ဆက်လက်၍ မြို့မစည်ပင်သာယာဈေးသို့ ရောက်ရှိကြကာ လူမျိုးဘာသာပေါင်းစုံ အတူတကွယှဉ်တွဲပြီး ရောင်းဝယ်နေမှု အခြေအနေကို သတင်းရယူကြသည်။



ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံ၌ သတင်းမီဒီယာအဖွဲ့က တွေ့ဆုံမေးမြန်းနေစဉ်

ဆက်လက်၍ ဘူးသီးတောင် မြို့၏ တောင်ဘက်ရှိ သပိတ်တောင်ကျေးလက် ကျန်းမာရေးဌာနသို့ သွားရောက်ပြီး ရွာပေါင်း ၈၅ ရွာတွင် နယ်လှည့်ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေကို မေးမြန်းကြသည်။

ယင်းနောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့သည် ဘူးသီးတောင်မြို့မှ မောင်တောမြို့သို့ ဆက်လက်ထွက်ခွာကြပြီး ညပိုင်းတွင် မောင်တောမြို့ မြို့မတောင်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အစ္စလာမ်ဘာသာရေးခေါင်းဆောင်၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံပြီး မောင်တောမြို့နယ် အတွင်း အောက်တိုဘာ ၉ ရက်တွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုနှင့် နောက်ဆက်တွဲဖြစ်စဉ်များ ဖြစ်ပွားခဲ့မှု၊ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် နယ်မြေတည်ငြိမ်အေးချမ်းလာမှု အခြေအနေများနှင့် ပတ်သက်၍ မေးမြန်းသတင်းရယူခဲ့ကြသည်။

**သတင်း-ဇေယျာ(မိုင်ရာ)၊ တင်မောင်လွင်၊ ဓာတ်ပုံ-မောင်မွှေး**

# သုံးလသားအရွယ်ကလေးငယ် ဗိုက်ထဲ သန္ဓေသားဟုယူဆရသည့် အသားလုံးများအား အောင်မြင်စွာခွဲစိတ်ထုတ်ယူနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

သုံးလသားအရွယ် ယောကျ်ားကလေးတစ်ဦး၏ ဗိုက်ထဲရှိ သုံးမြွှာပူးသန္ဓေသားဟုယူဆရသည့် အသားလုံးများအား နေပြည်တော် ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီးတွင် ယမန်နေ့က အောင်မြင်စွာ ခွဲစိတ်ထုတ်ယူနိုင်ခဲ့ပြီး လက်ရှိအချိန်တွင် ကလေးငယ်မှာ ကျန်းမာစွာရှိနေကြောင်း သိရသည်။

အဆိုပါ ကလေးငယ်အား ယမန်နေ့ နံနက် ၉ နာရီတွင် စတင်ခွဲစိတ်ခဲ့ပြီး ၁၀ နာရီခန့်တွင် ခွဲစိတ်မှုပြီးစီးခဲ့ကာ ၎င်း၏ဗိုက်ထဲရှိ သန္ဓေသားဟုယူဆရသည့် အစိတ်အပိုင်းများမှ တစ်ခုသာ လူပုံသဏ္ဌာန်ဖြစ်ပေါ်ကာ ကျန်သည့်အစိတ်အပိုင်းများမှာ လူခန္ဓာအစိတ်အပိုင်းအဖြစ် ပြည့်စုံမှု မရှိကြောင်း နေပြည်တော် ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး ခွဲစိတ်ကုပညာဌာနမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဒေါ်နော်မာသေးက ပြောကြားသည်။

ယင်းကလေးငယ်မှာ ၎င်း၏မိခင်မှ မီးဖွားပြီး တစ်လခွဲခန့်အကြာတွင် ဝမ်းဗိုက်ရောင်ရမ်းလာသည့်အတွက် မန္တလေးကလေးဆေးရုံကြီးတွင် စစ်ဆေးမှုခံယူခဲ့ရာ ကလေးငယ်၏ ဗိုက်ထဲတွင် သန္ဓေသားဟုယူဆရသည့် အသားလုံး သုံးခုရှိနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည့်အတွက် နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံကြီးတွင် ယခုကဲ့သို့ တက်ရောက် ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ကြောင်း ကလေးငယ်၏ မိခင်ဖြစ်သူ ဒေါ်သန်းသန်းဦးက ပြောသည်။

“ကျွန်မသားလေး ဒီလိုဖြစ်တဲ့အတွက် နေ့တိုင်းစိုးရိမ်ပူပန်နေရတယ်။ အခုလို ကောင်းကောင်းမွန်မွန် ကျန်းကျန်းမာမာနဲ့ တွေ့မြင်ရတဲ့အတွက် ဝမ်းသာတာကတော့ အတိုင်းမသိပါပဲ။ အခုလိုအောင်မြင်အောင် ခွဲစိတ်ပေးတဲ့ ဆရာဝန်၊ ဆရာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ဖြစ်စဉ်မျိုးသည် လူဦးရေ ငါးသိန်းတွင် တစ်ဦးသာဖြစ်နိုင်သည့် ဖြစ်စဉ်ဖြစ်ပြီး ခွဲစိတ်ဆရာဝန်သက်တမ်းတွင်လည်း တွေ့ကြုံရန်ခဲယဉ်းကြောင်း ပါမောက္ခဒေါက်တာဒေါ်နော်မာသေးက ပြောကြားသည်။

**(သတင်းစဉ်)**

# မြစ်ကြီးနားမြို့၌ နေအိမ်နှစ်လုံးမီးလောင်မှုဖြစ်ပွား

**မြစ်ကြီးနား ဒီဇင်ဘာ ၂၀**

မြစ်ကြီးနားမြို့ခေမာသီရိရပ်ကွက် လမ်းသွယ် (၁၁) ၌ ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီခန့်က စိတ်ကျန်းမာရေး မကောင်းသူတစ်ဦး မီးသုံးစွဲရာမှ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မီးသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ်ငါးစီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီခွဲခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



မီးလောင်မှုကြောင့် သွပ်မိုးထရံကာ ပျဉ်ခင်းနှစ်ထပ်အိမ်နှင့် သွပ်မိုးထရံကာအုတ်ညှပ် နှစ်ထပ်အိမ်တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုကြောင့် စိတ်ကျန်းမာရေးမကောင်းသူသည် ကြောက်လန့်တကြား ထွက်ပြေးသွားသဖြင့် မီးလောင်မှုနှင့် စပ်လျဉ်း၍ နယ်မြေခံရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းရာဇာ (မြစ်ကြီးနား)**

# ကန်ပက်လက်၌ ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲကျင်းပ

**ကန်ပက်လက် ဒီဇင်ဘာ ၂၀**

ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့၌ တတိယအကြိမ် ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာလတတိယပတ်က စုရပ်မြို့မဘောလုံးကွင်းမှ အထကဘောလုံးကွင်းအထိ စုပေါင်း လမ်းလျှောက်ကြသည်။

လမ်းလျှောက်ပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ ပါဝင်ကြပြီး စုပေါင်းကာယကြံ့ခိုင်ရေးပြုလုပ်ခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

BLUE DIAMOND CEMENT
OFFICE TEL : 09-777777688
BLUE DIAMOND CEMENT
ဘလူးဒိုင်းမွန်း ဘိလပ်မြေ
STRENGTH FOREVER
ဘလူးဒိုင်းမွန်း ဘိလပ်မြေကို ကိုရီးယားမှ အဆင့်မြင့်နည်းပညာနှင့် ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့်
မြန်မာပြည်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လုပ်ပါသည်။
"We are looking for the experienced personnel of Production, Marketing and Accounting. Please send CV to kyawttheingi31@gmail.com"
PORTLAND CEMENT 50 Kg

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၃၃/၁၁ ကေဗွီနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများအား နေရာအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၁-၁၂-၂၀၁၆ မှ ၃၀-၁၂-၂၀၁၆ ရက်အထိ
၃။ **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်** - ၂-၁-၂၀၁၇ ရက်မှ ၇-၁-၂၀၁၇ ရက်အထိ
၄။ **တင်ဒါပိတ်သိမ်းမည့်အချိန်** - ၁၆:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
**တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး**
**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့**
**ဖုန်း-၀၇၁-၂၂၈၁၇**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 5D/2216 Toyota Mark II Qualis MCV 21 S/W (4x2)ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၁၃/လရန(နိုင်)၁၇၅၉၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မူဆယ်)၊ မူဆယ်မြို့**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**
ယာဉ်အမှတ် 2J/5549 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

B.Ed ဝင်ခွင့်ရ အထူးသင်တန်း
မြင့်သူထက်
စည်ပင် အင်ဂျင်နီယာ ASEAN ပညာသင်ဆု အလုပ်ဝင်ခွင့် အားလုံးသင်သည်
စာအုပ်အခမဲ့
B.Ed (၂) နှစ်သင်တန်း ဝင်ခွင့်ရ သင်တန်းကြီး
ဒီဇင်ဘာပိတ်ရက်
ENG; (၇)ရက်အပြတ် ဝိဇ္ဇာဘာသာများ (၅)ရက်အပြတ် သချ်ာ၊ ရူပ
(၁၀)ရက်အပြတ်
ရန်ကုန်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 9H/3824၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

ရွှေထူးလှိုင်
Ph: 09 450044494, 09 450044496,01-377921

**SK AUTO**
**ကားဝါယာရိန်းသင်တန်း**
**ကွဲဆည်ကန်၊ မန္တလေး**
**ဖုန်း-၀၉-၄၄၈၉၈၂၇၆၂**

Ever Clean
အဆင့်မြင့်ဘုရားဖူးနှင့် အပန်းဖြေခရီးသွားဝန်ဆောင်မှုလုပ်ငန်း
★ ဘားအံ-တောင်ပိုင်းတောင်-ချစ်သူမြိုင် → Dec 24,31
★ ဘားအံ-ဝူ(၅)ဝူ-ကျောက်ကလပ် → Dec 24,31
★ တောင်ငူ-သံတောင်ကြီး-ဖိုးကျားဆင်စခန်း → Jan 7
★ မန္တလေး-ပြင်ဦးလွင် → Dec 23,30
★ ဘားအံ-မြဝတီ-မဲဆောက် → Dec 23,30
ဆက်သွယ်ရန်ဖုန်း 09-33886666 , 09-795185522
အမှတ် (၃၃/၃၅) ၃လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့အမှတ် (၂) ရပ်ကွက် ဆေးရုံလမ်းနေ ဦးမြတ်ကျော်သူ(ခ)ဦးမြတ်သူ-ဒေါ်လွင်လွင်စန်း(ခ)ဒေါ်ဆွေဆွေလွင်တို့၏သား မောင်ပြည့်ဖြိုးထက်သည် မိဘနှစ်ပါးတို့၏ဆိုဆုံးမမှုကို မနာခံဘဲမိဘတို့အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၅-၁၁-၂၀၁၆ ရက်တွင် မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် မောင်ပြည့်ဖြိုးထက်အား ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးမြတ်ကျော်သူ(ခ)ဦးမြတ်သူ-ဒေါ်လွင်လွင်စန်း(ခ)ဆွေဆွေလွင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် EE/5216 Toyota Mark II LX100, S/L (4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါလွင် ၁၂/တမန(နိုင်)၀၉၉၆၄၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

# ရပ်ရွာနေအခြေပြု ရဲလုပ်ငန်းစီမံချက် အရှိန်မြှင့်ဆောင်ရွက်ရေး သုံးသပ်စည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ရပ်ရွာနေပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရပ်ရွာအခြေပြု ရဲလုပ်ငန်းCommunity Based Policing စီမံချက်ကို ဆောင်ရွက်လျက်ရှိရာ ပိုမိုထိရောက်မှုရရှိစေရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က အမှာစကားပြောကြားရာတွင် ရပ်ရွာနေပြည်သူအခြေပြု ရဲလုပ်ငန်းစနစ် Community Based Policing စီမံချက်ကို ၂၀၁၆ ခုနှစ် ဇွန်လ ၁၄ ရက်နေ့မှ စတင်၍ ကနဦး လေးမြို့နယ်အဖြစ် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ကမာရွတ်၊ သန်လျင်နှင့် လှိုင်သာယာမြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ရာ ရလဒ်ကောင်းများရရှိခြင်းကြောင့် မြို့နယ် ၂၀ အထိ ထပ်မံတိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း၊ စီမံချက်ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်အင်အား အခြေအနေအရ နယ်မြေအားလုံးကို စိုးမိုးထားနိုင်ရန်မလွယ်ကူသဖြင့် ပြည်သူများ ပူးပေါင်းပါဝင်လာစေရေးအတွက် အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများက စည်းရုံးဆောင်ရွက်ပေးစေလိုကြောင်း၊ နယ်မြေခံပြည်သူများ စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက်မှသာ ရလဒ်ကောင်းများကို အစဉ်ထိန်းသိမ်းနိုင်မည်ဖြစ်သဖြင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးအတွက် ရပ်ရွာအခြေပြု ရဲလုပ်ငန်းစီမံချက်ကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စီမံချက်ဆောင်ရွက်နေသော မြို့နယ်များမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအပေါ် အားနည်းချက်၊ အားသာချက်များသုံးသပ်ဆွေးနွေးခဲ့ကြပြီး ကနဦး လေးမြို့နယ် စီမံချက်ဆောင်ရွက်နေသည့် ရပ်ရွာအခြေပြုအဖွဲ့များအတွက် ကော်ဖီမစ်အကြီး အထုပ် ၄၀ ပါ လေးဖာကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ထောက်ပံ့ပေးခဲ့ရာ သက်ဆိုင်ရာ မြို့နယ်များမှ တာဝန်ရှိသူများက လက်ခံယူခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖ စုစုပေါင်း ၇၅ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## နိုင်ငံခြားခရီးသွားဧည့်သည် အဖွဲ့ နာရေးကူညီမှုအသင်း(ကော့သောင်း)သို့ အလှူငွေနှင့် ခွဲစိတ်ပစ္စည်းများ လာရောက်လှူဒါန်း

**ကော့သောင်း ဒီဇင်ဘာ ၂၀**

ကော့သောင်းမြို့နေပြည်သူများ၏ နာရေးကိစ္စများအား အခမဲ့ကူညီမှုပေးနေသည့် နာရေးကူညီမှုအသင်း (ကော့သောင်း)သို့ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက နိုင်ငံခြားခရီးသွားဧည့်သည်များက အလှူငွေနှင့် ကျန်းမာရေးသုံးခွဲစိတ်ပစ္စည်းများ လာရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါလှူဒါန်းမှုတွင် ကော့သောင်းမြို့သို့ အလည်အပတ်လာရောက်သည့် ဆွစ်ဇာလန်နိုင်ငံမှ နိုင်ငံခြားသား ခရီးသွားဧည့်သည် Ms. Looser Oseivone နှင့်အဖွဲ့က နာရေးကူညီမှုအသင်း၏လုပ်ငန်းများကို စိတ်ပါဝင်စားစွာ မေးမြန်းလေ့လာရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး မြို့နေပြည်သူများ၏ နာရေးကိစ္စများအား အခမဲ့အကူအညီပေးလျက်ရှိသည့်အသင်းတွင် လိုအပ်သည်များအသုံးပြုနိုင်ရေးအတွက် အလှူငွေနှင့်ကျန်းမာရေးသုံးခွဲစိတ်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

---

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ

Captain ရဲအောင်နိုင် (Master Mariner,F.G)-ဒေါ်မြမြင့်မိုတို့၏သားကြီး

**မောင်သူမြတ်နိုင်(ခ)Harry**

**Bachelor of Business Management(Finance),RMIT University,Australia**

**Project Manager(Yoma Bank)**

နှင့်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်နေ

ဗိုလ်ချုပ်ဇေယျကျော်ထင်စိုးဝင်း(ဆေးဝန်ထမ်းညွှန်ကြားရေးမှူး)-ဒုတိယဗိုလ်မှူးကြီးဒေါ်ကေသီကျော်တို့၏ တစ်ဦးတည်းသောသမီး

**မဝင်းသန္တာစိုး**

**B.A(English),Master of Business Administration(Yangon Institute of Economics)**

**LCCI(UK)**

**Director(Tomorrow Media Concepts Trading Co.,Ltd)**

တို့၏ ၂၇-၁၁-၂၀၁၆ရက်၌ နေပြည်တော် Kempinski Hotel တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်ဟန်အားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော သီရိပျံချီ ဦးဇေယျာအောင်နှင့်ဇနီး ဒေါ်သူဇာဝေ၊ ဗိုလ်ချုပ်ဇေယျကျော်ထင်ဇာနည်ဝင်းနှင့်ဇနီး ဒေါက်တာဒေါ်အေးအေးထွန်းတို့အားလည်းကောင်း၊ (၁၁-၁၂-၂၀၁၆)ရက်တွင် အောင်မြေဗောဓိရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၈-၁၂-၂၀၁၆ရက်တွင် ပြည်လမ်း၊ ကုန်းမြင့်သာယာ၊ ဇေယျာသီရိဗိမာန် မင်္ဂလာခန်းမ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနား၌ စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားခြင်းနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံး၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှအားလည်းကောင်း၊ ကိုယ်တိုင်ကြွ ရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ အရာရှိအကြီးအကဲများနှင့်ဇနီးများအားလည်းကောင်း၊ အငြိမ်းစားစစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ အရာရှိကြီးများနှင့်ဇနီးများအားလည်းကောင်း၊ ဧည့်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်သက်လင်း (MRTV)၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် ဒေါ်ချိုပြုံး၊ ရီရီသန့်တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးပါသော မမေနန္ဒီမောင်၊ မရွှေရည်ဖူးအောင်၊ မင်္ဂလာအောင်စံပယ် ပန်းကုံးကိုင်ဆောင်ပေးပါသော ဒေါက်တာခင်ခင်ယုမော်၊ မင်္ဂလာလက်စွပ်ကိုင်ဆောင် ပေးပါသော မဆင့်ညိုစော၊ မင်္ဂလာသတို့သားအရံ ဒေါက်တာရဲသံလွင်လှမြင့်၊ မောင်လှိုင်ဝင်းသန်း၊ မင်္ဂလာသတို့သမီးအရံ မနှင်းနန္ဒာအောင်၊ မစုနှင်းလင်း၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်၊ မိတ်ကပ်ဆံပင်အလှပြင်ပေးပါသော မေဦး(Magic)နှင့်အဖွဲ့၊ Photography ကိုလင်းထွန်း (Life Photography)နှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော SP Gems and Jewellery မှ ဒေါ်မီမီကျော်အားလည်းကောင်း၊ The Lady Gems and Jewellery မှ ဒေါ်ခင်နှင်းသန္တာနှင့် ဒေါ်စောကလျာကြည်တို့အားလည်းကောင်း၊ The Rich Gems အားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့သားများအားလည်းကောင်း၊ မီးအလှပြင်ဆင်ပေးပါသော မီးငယ် (Disco Light)အဖွဲ့၊ မင်္ဂလာဧည့်ခံကျွေးမွေးရေးအစီအစဉ်ကို ပါဝင်ကူညီဆောင်ရွက်ပေးပါသော Chatrium Hotel မှ အဖွဲ့သားများအားလည်းကောင်း၊ အစစအရာရာစီစဉ်ပေးပါသော Signature Wedding Planner အဖွဲ့သားများအားလည်းကောင်း၊ ၁၈-၁၂-၂၀၁၆ရက်တွင် Chatrium Hotel ၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲ၌ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ကိုAndy နှင့် မေတ္တာဖြင့် ပန်းကြဲပေးသည့် မောင်ကောင်းထက်ထူး နိုင်နှင့် မလင်းလက်သီရိခေတ်၊ မင်္ဂလာညစာစားပွဲအား စီစဉ်ပေးပါသော Signature Wedding Planner အဖွဲ့သားများအားလည်းကောင်း၊ တေးဂီတ DJ ကိုဘေတာအားလည်းကောင်း၊ မိတ်ကပ်ဆံပင် အလှပြင်ဆင်ပေးပါသော မေဦး(Magic)နှင့်အဖွဲ့သားများအား လည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ ကိုမင်းသက်စံ (Sweet & Smart) နှင့် အဖွဲ့သားများ၊ မီးအလှပြင်ဆင်ပေးပါသော မီးငယ် (Disco Light) အဖွဲ့၊ Photography and Videography ဦးပီတာနှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**နှစ်ဖက်သော မိဘများနှင့်**

**မောင်သူမြတ်နိုင်(ခ)Harry နှင့် မဝင်းသန္တာစိုး**

---


Quality Products
UPT
Serving People

အမျိုးသားစာပေဆုရှင်ကြီး
ဦးဖေသိန်း
B. Sc. Engg. Electrical

လျှပ်စစ်ပညာကျမ်းပြုဆရာကြီး
ကိုယ်တိုင်ကျွမ်းကျင်တဲ့ပညာရှင်
တိုင်းတပါးသားအားကိုးခြင်းမရှိ
လုပ်ငန်းသက်တန်း၃၆နှစ်ကျော်ပြီ

◆ မီးအားမြှင့်စက် ကြီး/ငယ်အရွယ်စုံအသင့်ရနေပါပြီ။
◆ ပစ္စည်းဖိုးလက်ခမယူ ၁ နှစ်အာမခံပေးပါသည်။
◆ Servicing လက်ခမဲ့ ၃ နှစ် ပေးပါသည်။
◆ Home Service ဆောင်ရွက်ပေးပါသည်။
◆ အနှစ်-၃၀အထိ အသုံးပြုနေကြသူများရှိပါသည်။

01 - 577404
01 - 2331868
09- 250018241


## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ် ၅ နေ ဦးတင်ဝင်း ၁၂/မဂဒ(နိုင်)၀၃၁၁၄၉နှင့် ဒေါ်တင်တင်အေး ၁၂/မဂဒ(နိုင်)၀၃၄၁၉၁ ကိုင်ဆောင်သူတို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါလူကြီးမင်းတို့၏သမီးဖြစ်သူ မချောစုဝင်း ၁၂/မဂတ(နိုင်) ၁၁၄၂၃၁သည် မိဘနှစ်ပါးအား ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဆန္ဒအတိုင်း ၂၃-၁၁-၂၀၁၆ရက်တွင် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ နောက်နောင် မချောစုဝင်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၇)**
**ဒေါ်ကြေးမုံဝင်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၉၀၇)**

## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅CG ၊ မြေကွက်အမှတ် ၁၃၁၈၊ မြေကွက်တည်နေရာ အမှတ် ၁၀၊ မေယုလမ်း၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးမောင်မောင်ရွှေ ၁၂/ဗဟန(နိုင်) ၀၅၈၂၉၅ အမည်ပေါက် နှစ်၆၀ဂရန်မြေအား ဒေါ်သန္တာမျိုး ၁၂/ဗဟန(နိုင်)၀၅၉၃၈၆ က ဦးမောင်မောင်ရွှေအပေါ် ပဋိညာဉ်အတိုင်း နှစ်ဦးသဘောတူ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ် အရောင်းအဝယ် ကတိစာချုပ်အား မှတ်ပုံတင်ပေးစေလိုမှုကို ဗဟန်းမြို့နယ်၊ တရားမကြီးမှုအမှတ် ၁၆/၂၀၁၄ ဖြင့် စွဲဆိုခဲ့ရာ ၁၅-၁-၂၀၁၄ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ် ၁/၂၀၁၅ ၏ ၂၈-၄-၂၀၁၅ရက်စွဲပါအမိန့်တို့အရ ချုပ်ဆိုခဲ့သည့်အရောင်းအဝယ်စာချုပ်အမှတ် ၂၄၈၇/၂၀၁၆ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ သက်ဆိုင်ရာရပ်ကွက်၊ မြို့နယ်၊ ရဲစခန်းထောက်ခံစာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ဂရန် မိတ္တူထုတ်ပေးမည် ဖြစ်ပါသဖြင့် ယင်းမြေကွက်အမှတ် (၁၃၁၈)အတွက် အမှုတွဲအမှတ် ဗဟ/၃၁၂/၉၅အရ (၉-၃-၁၉၉၅) ရက်မှစ၍ ထုတ်ပေးခဲ့သည့် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်းအား ပယ်ဖျက်ပြီး ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ၂၊ အကွက်အမှတ်(လွယ်ကန်မိန်းရပ်)၊ ဦးပိုင်အမှတ်(၃၁)။ ဧရိယာ ၀ဒသမ၁၁၀၊ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြို့မြေနေရာချထားရေးကော်မတီ)၊ လားရှိုးမြို့၏ မြေပေးမိန့်အမှတ် ၃၁/၂၀၀၃ ဖြင့် ဦးဝင်းညွှန့်က အမည်ပေါက်ပိုင်ဆိုင်၍ လားရှိုးမြို့၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် တရားဝင် အိမ်မြေကွက်အား အရောင်းအဝယ် စာချုပ်၍ပိုင်ဆိုင်ကြောင်းကို မှတ်ပုံတင်ပြီး ဒေါ်ခင်စန်းနွယ်အမည်ဖြင့် အမည်ပြောင်း အသစ်လျှောက်မြေငှားရန်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်ရန်ရှိပါက ၂၀ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်စန်းနွယ်**
**၁၃/လရန(နိုင်)၁၀၅၆၈၂**
**ရပ်ကွက်(၈)၊ နယ်မြေ(၂)၊ လားရှိုးမြို့**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ (၄)ရပ်ကွက်၊ အကွက်အမှတ် ၆၃-နားမခေါ်ရပ်၊ ဦးပိုင်အမှတ် ၁၁၀၊ ဧရိယာ ၀ဒသမ ၃၆၂ ဧကမှ ဧရိယာ ၀ဒသမ ၀၈၆ဧကကို အမှုတွဲအမှတ် ၇၁၀-၅/၁၉၉၅-၉၆(အေ)ဒေါ်ရှမ်းမောအမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား၂၄-၅-၂၀၁၆ ရက်တွင်စာချုပ်အမှတ် ၄၀၂ I ၂၀၁၆ ဖြင့် ဒေါ်မြမြစန်းက ဝယ်ယူပိုင်ဆိုင်ပြီး အမည်ပြောင်းခွဲစိတ်မိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုပါက ရက် ၂၀အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြမြစန်း**
**၁၃/လရန(နိုင်)၁၂၇၀၈၃**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/ ၇၈၂၉ Yamaha Feno 115 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းဝင်း ၉/မရတ(နိုင်)၁၀၃၇၀၃ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

# စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်နေ ဦးသန်းထွန်း-ဒေါ်အေးမြင့်တို့၏ သားကြီးရတနာ

**ဒေါက်တာရဲထွန်း** [M.B.,B.S,(Ygn)]

M.Med.Sc OG(1st Year)University of Medicine 1

**နှင့်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဦးလှမိုး-ဒေါ်ချိုမာသိန်းတို့၏ တစ်ဦးတည်းသောသမီးရတနာ

**မအေးသန္တာမိုး** [B.E(Information Technology)]

MBA(Bartch-13),Assumption University

တို့၏၂၄-၁၁-၂၀၁၆ရက်တွင် NOVOTEL HOTELS & RESORTS, YANGON MAX၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်းနှင့်ခင်ပွန်း အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဒေါက်တာဦးစိုးသိန်းတို့အားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးအောင်ထွန်းနှင့်ဇနီး၊ ဒေါက်တာဦးကိုကိုနှင့်ဇနီးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၇-၁၁-၂၀၁၆ရက်တွင် မိုးကုတ်ဆွမ်းစားဆောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၈-၁၂-၂၀၁၆ရက်တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ MELIA, YANGON HOTEL Grand Ballroom မင်္ဂလာခန်းမ၌ ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနား၌ စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ဝဏ္ဏကျော်ထင်ဦးမောင်မြင့် ပြည်ထောင်စုဝန်ကြီး(ငြိမ်း)နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ပါမောက္ခဌာနမှူး ဒေါက်တာဦးအေးမွန်နှင့်ဇနီး ဒေါ်ချိုချိုမြင့်တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှ အကြီးအကဲများ၊ အရာရှိကြီးများနှင့်ဇနီးများအားလည်းကောင်း၊ စစ်တက္ကသိုလ်၊ $24^{th}$ Intakeမှ သူငယ်ချင်းများနှင့်ဇနီးများအားလည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့်ဇနီးများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဧည့်ခံပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော တေးသံရှင် စိမ်းမို့မို့၊ Cupid တေးဂီတအဖွဲ့နှင့်တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော မလဲ့ဝါဝါမျိုးနှင့် မခိုင်မွန်မွန်ကျော် မင်္ဂလာအောင်စပယ်ပန်းကုံးကိုင်ဆောင်ပေးသော မခိုင်သဇင်ထွေး၊ မင်္ဂလာ လက်စွပ်ကိုင်ဆောင်ပေးသော မစိုးမြတ်သူ၊ မင်္ဂလာသတို့သားအရံ ဒေါက်တာညီညီထွန်း၊ မောင်ထက်လင်းမိုး၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာချစ်စုတင်နှင့် မပွင့်ဦးလှိုင်၊ လက်ဝတ်ရတနာများအား မေတ္တာဖြင့်ဆင်မြန်းပေးပါသော SheShine Gems & Jewellerys၊ မင်္ဂလာဝတ်စုံ Designer မင်းသက်စံ(Sweet & Smart)၊ မိတ်ကပ်ဆံပင်အလှပြင်ပေးသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ Photography Exposure နှင့်အဖွဲ့၊ ပန်းအလှပြင်ဆင်ပေးသော ဦးခင်မောင်ဝင်းနှင့်အဖွဲ့၊ Pre Wedding ရိုက်ကူးပေးပါသော ကိုလင်းနှင့်အဖွဲ့၊ (Studio A)တို့အားလည်းကောင်း၊ ၁၈-၁၂-၂၀၁၆ရက်တွင် ရန်ကုန်မြို့၊ အင်းလျားလမ်း၊ Yangon Sailing Club ၌ ကျင်းပသည့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ကိုဝေယံမောင်မောင်၊ DJ Nora Su၊ ပန်းအလှဆင် ဦးခင်မောင်ဝင်းနှင့်အဖွဲ့၊ မီးအလှဆင် ကိုမိုးနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော ကိုဝင်းထွန်းကျော်နှင့်အဖွဲ့၊ အစားအသောက်များ တည်ခင်းဧည့်ခံပေးပါသော ကုန်းမြင့်သာ Restaurant၊ မင်္ဂလာအခမ်းအနားများဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် NOVOTEL HOTEL, MELIA HOTEL, Yangon Sailing Clubတို့မှ တာဝန်ရှိသူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

**နှစ်ဖက်သော မိဘများနှင့် ဒေါက်တာရဲထွန်း-မအေးသန္တာမိုး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နေပြည်တော်
## လုပ်ငန်းများဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာန၏ အုပ်ချုပ်မှု(၃)ထပ်ရုံးအဆောက်အအုံတွင် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
Internet Access Fiber Cable ချိတ်ဆက်သွယ်တန်းခြင်းနှင့် From RS3 Point to MOE Admin Building (Telephone Lines)ချိတ်ဆက်သွယ်တန်းခြင်း-1Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၁၂-၂၀၁၆ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၆-၁-၂၀၁၇ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်ရှိ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပူးတွဲ၍ တင်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုသောအချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၅၂၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၅။ ကြော်ငြာအပြည့်အစုံ၊ အိတ်ဖွင့်တင်ဒါတင်သွင်းသူများလိုက်နာရမည့် စည်းကမ်းချက်များ၊ အိတ်ဖွင့်တင်ဒါပုံစံဈေးနှုန်း၊ အိတ်ဖွင့်တင်ဒါအာမခံကြေးတို့ကို www.myanmar-education.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

## မိဘအမည်မှန်

မော်ဘီမြို့နယ်၊ မြောင်းတကာ အထက(ခွဲ)၊ မြောက်ချောကုန်း ပဥ္စမတန်း(A)မှ မဒေါ်ရယ်တီ၏ မိဘအမည်မှန်မှာ ဦးဒေးဗစ်ဟိုက်ဘိတ် ၁၂/မဘန(နိုင်)၁၀၁၂၇၅နှင့် ဒေါ်ထန်ဒိမ်း ၄/မတပ(နိုင်) ၀၀၁၂၃၆ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၃၅၈၃၃ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထူးနောင် ၁၄/ဘကလ(နိုင်) ၁၆၃၃၇၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဖျာပုံမြို့)**

COASTAL BEAUTY TRAVELS & TOURS
မြိတ်ကျွန်းစုဒေသအပန်းဖြေခရီးစဉ် (၆ရက်)
ထားဝယ် မောင်းမကန်ကမ်းခြေ - ငှက်သိုက်ကျွန်း - လေးကျွန်း - သမီးလှကျွန်း - ပိန္နဲကျွန်း - လိပ်ဥသောင်ကမ်းခြေ (295,000 ကျပ်)
ခရီးစဉ်ထွက်ခွာမည့်ရက် - 24 Dec နှင့် 27 Jan
09-5505201, 09-979809536,09-798185113,01-2302031

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁၂-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၀)ပါ အထူးကိုယ်စားလှယ် ပါဝါရပ်သိမ်းခြင်း ကြော်ငြာတွင် ၃၀-၉-၂၀၁၆ရက် အစား ၃၀-၁၁-၂၀၁၆ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဖခင်အမည်မှန်**

မုံရွာမြို့၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အလက(၂) တက္ကသိုလ်ဝင်တန်းမှ မရွှေရည်လင်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင် ၅/မရန(နိုင်)၀၆၀၅၀၁ ဖြစ်ပါကြောင်း။ **ဦးမျိုးအောင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ နဝဒေးလမ်းနှင့် စိမ်းလဲ့သာယာလမ်းထောင့်၊ အမှတ် ၁၂၆ဟုခေါ်တွင်သောမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ RC(၆)ထပ်တိုက်၏ ပထမထပ်၊ (တိုက်ရှေ့မှမျက်နှာမူလျှင်ဘယ်ဘက်ခြမ်း)၊ အကျယ်ပေ(၁၈×၅၄)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၉-၁-၂၀၁၆ရက်စွဲပါ မြေပိုင်ရှင်နှင့်ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူ RC နှစ်ခန်းတွဲ (၆)ထပ်အခန်းပေးအခန်းယူစနစ်ဖြင့် အဆောက်အအုံဆောက်လုပ်ရန် ကတိစာချုပ်အရ ကန်ထရိုက်တာများဖြစ်သော ဦးနေမျိုးထိုက် ၁၂/အစန(နိုင်)၁၁၀၃၆၈နှင့် ဦးတင်ဝင်း ၁၀/ရမန(နိုင်)၀၈၁၇၈၉ တို့မှ မိမိတို့အကျိုးခံစားခွင့်ရရှိသော အခန်းဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေကဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်းကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းဦး** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**ဦးသန့်ဇော်** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ်၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁/ဥတ္တရ သီရိမြောက်ရပ်၊ လူနေရပ်ကွက်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေကွက်အမှတ် ၃ဒသမ ၆၂၁ရှိ ဦးအောင် မျိုးသန့်(ဘ)ဦးအောင်ရီ ၉/ခအဇ(နိုင်)၀၀၄၆၃၄ အမည်ပေါက် ပါမစ်မြေကွက်အား အမည်ဦးမြင့်လွင်(ဘ)ဦးဝင်းနိုင် ၅/မရန(နိုင်) ၀၁၆၆၀၄ က မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံး ကျမ်းကျိန်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက် မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက် မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

နောင်ချိုမြို့နယ်၊ ကုန်းသာကျေးရွာအုပ်စု၊ ကုန်းသာကျေးရွာနေ စိုင်းအောင်မိုး ၁၃/နခတ(နိုင်)၀၈၈၄၆၇၏ ဖခင် ဦးအောင်နီနှင့်ဦးအာစိန္န ၁၃/နခတ(နိုင်)၀၂၈၁၁၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

တန့်ယန်းမြို့နယ်၊ အမှတ်(၃) ကျေးရွာအုပ်စု၊ ရပ်ကွက်(၃)နေ မခိုင်ခိုင်မြင့် ၁၃/တယန(နိုင်)၀၇၄၈၈၁၏ ဖခင် ဦးအိုက်ကောနှင့် ဦးသိန်းမြင့် ၁၃/တယန(နိုင်)၀၁၅၆၂၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ခ/၅၈၅၅ နီဆန်းဒီဇယ်ဒမ့်ထရပ် ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၅/မရန(နိုင်) ၀၉၄၇၃၂ က ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(မုံရွာ)**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့သည် အောက်ဖော်ပြပါ လုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် တင်ဒါတင်သွင်းလိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအကြောင်းအရာ |
|---|---|---|
| (က) | DERB/၀၁/ ၂၀၁၆-၂၀၁၇ | တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ငါးမာန်အောင်ဘုရားလမ်းတို့ဆက်သွယ်သည့် နှစ်လမ်းသွား ငမိုးရိပ်ချောင်းကူး တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း |
| (ခ) | DERB/၀၂/ ၂၀၁၆-၂၀၁၇ | သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း(စံပြဈေးအနီး) လူကူးခုံးကျော် တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း |

၂။ တင်ဒါများကို နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာနှင့် ငွေကြေးဆိုင်ရာ အဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်များ (Instructions to Tenderers)နှင့်အညီ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါစာရွက်စာတမ်းများ အပြည့်အစုံကို ၂၀-၁၂-၂၀၁၆ရက်မှစ၍ ၃၀-၁၂-၂၀၁၆ ရက်အထိ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယထပ်၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)တွင် ဝယ်ယူနိုင်ပါသည်။

၄။ ၂၆-၁-၂၀၁၇ ရက် ရုံးချိန်အတွင်း တင်ဒါစာရွက်စာတမ်း အပြည့်အစုံကို အထက်ဖော်ပြပါဌာနသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၅။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)တယ်လီဖုန်းအမှတ် ၀၉-၇၃၀၈၃၉၈၆ (ရုံးဖုန်း)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး**

# ဓော့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုလဲမြို့သစ်နေ
ဒေါက်တာဦးတင်အောင်အေး (တိုင်းမျက်စိအထူးကုဆရာဝန်ကြီး၊ ငြိမ်း)-
ဒေါ်ကျန်တင် (သူနာပြုဆရာမ၊ ငြိမ်း)၊
မုံရွာမြို့၊ သာစည်လမ်းနေ
ဦးငွေတင်-ဒေါ်ခင်ပို(နီလာကုန်မျိုးစုံ ရောင်းဝယ်ရေး)တို့၏ မြေး၊
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နေ
(ဦးတင်စိုး) ဦးစီးအရာရှိ(ဆည်မြောင်းဦးစီးဌာန)-
ဒေါ်ခင်မာအေး(နီလာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏ သားကြီး၊
မောင်အောင်သီဟ B.E (Electrical Power)၊
မခင်မြတ်နိုး (Third Year History) တို့၏အစ်ကို

**မောင်ဟန်ထက်စိုး**

**(AGTI-CNC Diploma) (Second Year Physic)**

**နှင့်**

ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နေ ဦးတင်ပု-ဒေါ်လှဝင်း၊ ဦးဘူလိန်း-ဒေါ်ပန်းလိန်း၊
ဦးအုန်းမောင်(ရဲ-စာရေးကြီး၊ ငြိမ်း)-ဒေါ်ထွားခင်(သားဖွားဆရာမကြီး၊ ငြိမ်း)တို့၏မြေး၊
ဦးချစ်စိန် (D.T.Ed, B.Ed) လ/ထ မြို့နယ်ပညာရေးမှူး(ငြိမ်း)-
ဒေါ်စန်းရီ (အမျိုးသမီးကျန်းမာရေးဆရာမ)တို့၏ သမီးထွေး၊
ဒေါက်တာအောင်ဆန်းဦး (M.B.,B.S) တိုက်နယ်ဆရာဝန်(ကျင်ဒွေး)၊
ဦးအေးမောင် B.Ed (Myan)၊ ဦးသန်းဦး စိုက်ပျိုးရေးဒီပလိုမာတို့၏ ညီမ

**မစန်းစန်းညွန့်** (သားဖွားဆရာမ)

**(Third Year Geo;)**

တို့သည် ၁၁-၁၂-၂၀၁၆ ရက်တွင် နှစ်ဖက်သော မိဘများရှေ့မှောက်တွင် ဓော့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ **မောင်ဟန်ထက်စိုး-မစန်းစန်းညွန့်**

## ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၆၇/၂၀၁၀)သီဟတပ်ခွဲ
## သင်တန်းဆင်း(၆)နှစ်ပြည့် အလှူတော်မင်္ဂလာ

၂၀-၁၂-၂၀၁၆ရက်၌ ကျရောက်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် ၆၇/၂၀၁၀(သီဟတပ်ခွဲ)၏ သင်တန်းဆင်း(၆)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တိုင်းနှင့် ပြည်နယ်အသီးသီးရှိ သင်တန်းဆင်းအရာရှိများမှ စုပေါင်း၍ ၁၈-၁၂-၂၀၁၆ရက်တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဉာဏသိဒ္ဓိရပ်ကွက် သာသနပါလဓမ္မရိပ်သာ (မြိတ်)ကျောင်းအတွင်း တည်ဆောက်ဆဲ သာသနပါလဓမ္မကျောင်းတော်ကြီးအတွက် အလှူငွေ ၂၀၀၀၀၀ိ/-လှူဒါန်းခြင်း၊ ဓမ္မစကူးလ်ကလေးငယ် (၂၅၀)ဦးအား အာဟာရဒါနကျွေးမွေးခြင်းနှင့် ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးခြင်း၊ ရဲပရဟိတအဖွဲ့အား အလှူငွေ ၁၀၀၀၀၀ိ/- လှူဒါန်းခြင်း၊ ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၇)မှ အရာရှိကြီးများ တည်ထားကိုးကွယ်သော မန္တလေးမြို့၊ အောင်ပင်လယ်မြို့နယ်၊ မြတဘက်ဘုရားပရိဝုဏ်အတွင်းရှိ လောကချမ်းသာအလိုတော်ပြည့်စေတီအတွက် အလှူငွေ ၅၀၀၀၀ိ/- စုစုပေါင်း လှူဒါန်းငွေ ၆၇၀၀၀၀ိ/-အား လှူဒါန်းခဲ့ပါကြောင်း။

**၆၇ သီဟညီအစ်ကိုများ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် လ/၆၈၀၈ ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (မုံရွာ)**

## ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် လ/၆၆၈၅ Nissan Condor CM 87 K, Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၅/ဘတလ(နိုင်)၀၀၆၄၈၁က ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (မုံရွာ)**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ တောပုကျေးရွာနေ အထက မုံရွေး-ကြေးမုံ နဝမတန်း ($S_2$) မှ မနန္ဒာစိုး၏ဖခင်အမည်မှန်မှာ ဦးဝင်းကြိုင် ၅/မရန(နိုင်)၁၉၈၀၉၈ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

မုံရွာ စီးပွားရေးတက္ကသိုလ်၊ စာရင်းအင်းမေဂျာ စတုတ္ထနှစ်မှ မခင်တန်နင်နှင့် မမေဇီဆန်း ၁/ပတအ(နိုင်)၀၄၆၁၈၄မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

# တိုက်ကြီးမြို့နယ်တွင် တောဆင်ရိုင်းများစွန့်ပစ်သောမစင်ကိုယူ၍ ကောင်ရေမည်မျှရှိသည်ကို စမ်းသပ်

**တိုက်ကြီး ဒီဇင်ဘာ ၂၀**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင်ရှိသော တောဆင်ရိုင်းကောင်ရေမည်မျှရှိသည်ကို တောဆင်ရိုင်းများမှစွန့်ပစ်သည့်မစင်များကောက်ယူ၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (Smithe Onolian) မှ မြိုင်ဟေဝန်ဆင်စခန်း၌ ဓာတ်ခွဲခန်းပြုလုပ်၍စမ်းသပ်နေကြောင်း အဖွဲ့၏ တာဝန်ခံ ဦးမောင်မောင်ကြီးက ပြောပြသည်။



"တိုက်ကြီးမြို့နယ်မှာ တောဆင်ရိုင်းသေဆုံးမှုတွေရှိတာကြောင့် မြို့နယ်အတွင်းမှာ တောဆင်ရိုင်းအရေအတွက် ဘယ်လောက်ရှိတယ်ဆိုတာရယ်။ အထီးဘယ်နှစ်ကောင်၊ အမဘယ်နှစ်ကောင်ရှိတာကို အတိအကျသိဖို့အတွက် ဆင်တွေရဲ့မစင်တွေကို လိုက်ကောက်တဲ့ ဝန်ထမ်းတွေထားပြီး ဒီဇင်ဘာ ၁၄ ရက်ကစလို့ ဂျာမနီနိုင်ငံက ပညာရှင်တစ်ဦးနဲ့ စမ်းသပ်နေပါတယ်" ဟု ၎င်းက ပြောသည်။

ယခုအခါ တောဆင်ရိုင်းမစင်အမျိုးအစား ၂၀၀ ကျော်စုဆောင်း၍ စမ်းသပ်လျက်ရှိပြီး တိုက်ကြီးမြို့နယ်တွင် ဆင်မုဆိုးများကြောင့် တောဆင်ရိုင်းသေဆုံးမှုရှိရာ တောဆင်ရိုင်းပျောက်ဆုံးမှု (သို့မဟုတ်)သေဆုံးမှုများရှိနိုင်၍ ဆင်များ၏မစင်များကိုယူကာ စမ်းသပ်မှုပြုလုပ်လျက်ရှိသည်။

တောဆင်ရိုင်းနှင့် လူပဋိပက္ခမဖြစ်ပွားစေရေးအတွက် တိုက်ကြီးမြို့နယ် ပဲခူးရိုးမတောစပ် ကျေးရွာလေးရွာအား နိုဝင်ဘာလပထမပတ်မှစ၍ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ခြံစည်းရိုးများ ကာရံလျက်ရှိကြောင်း သိရသည်။

တောဆင်ရိုင်းများနှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့်သဘာဝနယ်မြေထိန်းသိမ်းရေး ဥပဒေ ၁၉၉၄ အရ ဆင်များကိုလုံးဝကာကွယ်ထားသည့် တောဆင်ရိုင်းတိရစ္ဆာန်များစာရင်းတွင် ထည့်သွင်းဖော်ပြထားကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တောဆင်ရိုင်းများဘေးမဲ့တောအဖြစ် စုစုပေါင်းဧရိယာ ၉၂၀၅ ဒသမ ဝ၄ စတုရန်းမိုင်ထားရှိကြောင်း၊ ဆင်များနှင့်ပတ်သက်၍ ဩစတြေးလျနိုင်ငံအခြေစိုက် INGO မှ မြန်မာ့သစ်လုပ်ငန်းရှိ ဆင်အို၊ ဆင်နာ၊ ဆင်ငယ်များ စောင့်ရှောက်ရန်အတွက် နှစ်စဉ်စီမံကိန်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**



# မြန်မာ့နှံစားပြောင်း(အနီ)ဝယ်လိုအား များပြားမှုကြောင့် ဈေးနှုန်းများ ဆက်တိုက်မြင့်တက်

**မန္တလေး ဒီဇင်ဘာ ၂၀**
ယခုရက်ပိုင်းတွင် ဝယ်လိုအားများပြားလာမှုကြောင့် မြန်မာ့နှံစားပြောင်း(အနီ) ဈေးနှုန်းများ ဆက်တိုက်မြင့်တက်လျက်ရှိကြောင်း မန္တလေးဈေးကွက်မှ သိရသည်။

အဆိုပါ နှံစားပြောင်းဈေးနှုန်းမှာ စတင်ထွက်ရှိသော အောက်တိုဘာလအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ ဝန်းကျင်ရှိခဲ့ရာမှ ဒီဇင်ဘာလဆန်းတွင် ငွေကျပ် ၂၈၅၀၀ အထိ တဖြည်းဖြည်းမြင့်တက်လာသည်ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"အဓိကအနေနဲ့ တရုတ်က ဆောင်းကာလမှာ နှံစားပြောင်းနဲ့ချက်တဲ့အရက်က ဆေးဖက်ဝင်တယ်ဆိုပြီး သောက်သုံးကြလို့ ပိုပြီးဝယ်ယူမှုတွေ ရှိလာတယ်" ဟု ၎င်းက ပြောသည်။ ယခင်က နှံစားပြောင်း(အနီ)ကို နွားစာအဖြစ်အသုံးပြုရန် စိုက်ပျိုးကြသော်လည်း တရုတ်ဘက်က အရက်ချက်လုပ်ရန် ဝယ်ယူလာမှုကြောင့် ပြောင်းရိုးကို နွားစာကျွေး၍ ပြောင်းနှံကို တရုတ်သို့တင်ပို့ရန် စီးပွားဖြစ်စိုက်ပျိုးလာကြသည်။

"မြန်မာနိုင်ငံမှာလည်း မိုးကုတ်ဒေသတစ်ဝိုက်မှာနေကြတဲ့ လီရှောတိုင်းရင်းသားတွေက ကျန်းမာရေးအတွက်သောက်သုံးဖို့ နှံစားပြောင်းနဲ့အရက်ချက်ကြပေမယ့် အနံ့ပြင်းလို့ မတွင်ကျယ်ခဲ့ဘူး။ ခုဒါကို တရုတ်နိုင်ငံက နည်းပညာသုံးပြီး ချက်လုပ်လာတဲ့အတွက် သောက်သုံးသူအကြိုက်တွေ့လာတယ်လို့ ထင်ပါတယ်" ဟု ၎င်းက ပြောသည်။

နှံစားပြောင်းမှာ စိုက်ပျိုးစရိတ်နည်းပါးပြီး မြင်းခြံ၊ တောင်သာ၊ မိတ္ထီလာ၊ ကျောက်ဆည်၊ ဝမ်းတွင်းမြို့နယ်စသည့် အပူပိုင်းဒေသများတွင် အများဆုံးစိုက်ပျိုးဖြစ်ထွန်းပြီး ရိုးရိုးအဖူးစားပြောင်း သုံးတင်းဝင်တစ်အိတ်လျှင် တရုတ်နိုင်ငံမှ ယနေ့ပေါက်ဈေးအနေဖြင့် ငွေကျပ် ၁၇၀၀၀ ဖြင့်သာ ဝယ်ယူမှုရှိသော်လည်း နှံစားပြောင်း(အနီ)ကို ဈေးကောင်းပေးကာဝယ်ယူနေကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မီးဘေးအန္တရာယ်ကင်းဝေးစေရန် ကောက်ရိုးပုံများကို ရွာအပြင်ထုတ်သည့်စနစ်ပြောင်းလဲလာ

**ရေတာရှည် ဒီဇင်ဘာ ၂၀**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသများတွင် ကျွဲ၊ နွားများအတွက် အစာအဖြစ် မိုးရာသီကရိတ်သိမ်းပြီးသည့်ကောက်ရိုးပုံများအား ကျေးရွာအလိုက် မီးဘေးအန္တရာယ်ကျရောက်ခြင်းမရှိစေရန် ရွာအပြင်မြေကွက်လပ်များ၌ စုပေါင်းသိမ်းဆည်းသည့်စနစ်ကို ပြောင်းလဲ အသုံးပြုလာကြပြီဖြစ်ကြောင်း သိရသည်။

"အရင်ကရွာတွေမှာ ကောက်ရိုးပုံတွေကို ရွာထဲမှာပဲ ဖြစ်သလိုပုံကျတာရှိတယ်။ ပူပြင်းခြောက်သွေ့တဲ့ ရာသီတွေဆိုဆေးလိပ်မီး အမှတ်တမဲ့ပစ်ခဲ့ရင်တောင် မီးလောင်နိုင်လို့ ခုနောက်ပိုင်းမှာ ကျေးရွာတာဝန်ရှိသူတွေက ကောက်ရိုးပုံတွေကို ရွာထဲမှာပုံခွင့်မပေးတော့ဘူး။ အားလုံး ရွာအပြင်ကို ထုတ်ခိုင်းလိုက်တာ" ဟု သပြေတန်းကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

ပြောင်းလဲလာသော လယ်ယာရိတ်သိမ်းစနစ်ကြောင့် ကျွဲ၊ နွားများအတွက် ကောက်ရိုးသန့်သန့်ရရှိနိုင်ရန် ခက်ခဲလာရာ ယခုကဲ့သို့ ကောက်ရိုးပုံများ စုပုံသိမ်းဆည်းထားခြင်းမှာ မိမိတို့၏ ကျွဲ၊ နွားများကို ကျွေးမွေးခြင်းအပြင် အခြားသောဒေသများက လာရောက်ဝယ်ယူပါက ပြန်လည်ရောင်းချခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ပြင်ဦးလွင် ဝိုင်အမ်ဘီအေ နှစ်တစ်ရာပြည့်ပွဲတော် ကျင်းပမည်

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၀**
ပြင်ဦးလွင်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (Y.M.B.A) ကို ၁၉၁၆ ခုနှစ်မှ စတင်တည်ထောင်ခဲ့ရာ ယခု ၂၀၁၆ ခုနှစ်တွင် နှစ်တစ်ရာပြည့်မြောက်ပြီဖြစ်သဖြင့် ရာပြည့်ပွဲတော်ကြီးကို ဒီဇင်ဘာ ၂၈၊ ၂၉၊ ၃၀ ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၈ ရက်တွင် ပွဲတော်ဖွင့်ပွဲကို ကျင်းပမည်ဖြစ်ပြီး အခမ်းအနား၌ စာပေပြိုင်ပွဲ စာပေအသီးသီးတွင် ဆုရရှိသူများအား ဆုချီးမြှင့်သွားမည်ဖြစ်ရာ အလွတ်တန်း ကဗျာရှည်ပြိုင်ပွဲ၊ အလွတ်တန်းဆောင်းပါးပြိုင်ပွဲ၊ အလွတ်တန်း ဝတ္ထုတိုပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ဆုများချီးမြှင့်သွားမည်ဖြစ်ပြီး မြို့နယ်အတွင်း စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများသည် ဒီဇင်ဘာ ၂၇ ရက် ညနေ ၄ နာရီထက် နောက်မကျစေဘဲ အသင်းကြီး၏အတွင်းရေးမှူးထံ အကြောင်းကြားရမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ရက်ဖွင့်ပွဲအခမ်းအနားကြီးအပြီးတွင် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ညပိုင်းတွင် ဟားကမ္ဘာအငြိမ့်အဖွဲ့ ဖျော်ဖြေပွဲကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၉ ရက်၌ သံဃာတော်အပါး ၁၀၀ အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ကြက်တောင်၊ တင်းနစ်အားကစား ပြိုင်ပွဲများကျင်းပသွားမည်ဖြစ်သည်။

ညပိုင်းတွင် မြို့မတီးဝိုင်းဖြင့် ညှော့ခံဖျော်ဖြေခြင်းဖြင့် လည်းကောင်း ၊ ဒီဇင်ဘာ ၃၀ ရက်တွင် အားကစားပြိုင်ပွဲများ၏ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကျင်းပခြင်း၊ ဆုပေးပွဲအခမ်းအနားကျင်းပခြင်း၊ ပျော်ရွှင်စရာကံစမ်းမဲ ဖွင့်လှစ်မဲဖောက်ပေးခြင်း တို့နှင့်အတူ ညပိုင်း၌ ဆရာနေဝင်းမြင့်၊ ဆရာဦးဘုန်း(ဓာတု)တို့၏ စာပေဟောပြောပွဲများ ကျင်းပကာ ပွဲတော်ပိတ်ပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်ကားလမ်း ၁၈ ပေချဲ့

ရန်ကုန် ဒီဇင်ဘာ ၂၀
သနပ်ပင်-ခရမ်း- သုံးခွ-သန်လျင်ကားလမ်းသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ကို အဓိကဆက်သွယ်ထားသည့် တစ်ခုတည်းသောကားလမ်းဖြစ်ပြီး မိုင်အားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၃၈ မိုင် ၃ ဖာလုံရှိသည်။

အဆိုပါကားလမ်းသည် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း၌ ၁၃ မိုင်၊ သုံးခွ မြို့နယ်အတွင်း၌ ၁၆ မိုင် ၂ ဖာလုံ၊ ခရမ်းမြို့နယ်အတွင်း၌ ၉မိုင် ၁ ဖာလုံ ပါဝင်ပြီး ရန်ကုန်တောင်ပိုင်းခရိုင် လမ်းဦးစီးနှင့်မြို့နယ်လမ်းဦးစီးဌာနများမှ တာဝန်ယူပြုပြင်နေသောလမ်းဖြစ်သည်။

ယခုအခါ အဆိုပါကားလမ်းအား ရာသီမရွေး ကားနှစ်စီးရှောင်သွားလာနိုင်ရန်အတွက် ၁၈ ပေအထိ ချဲ့ခြင်းလုပ်ငန်းကို မြို့နယ်လမ်းဦးစီးဌာနများမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ သုံးခွမြို့နယ်အတွင်း ချဲ့ရန်ကျန်ရှိသည့် လမ်းကျဉ်း ၄ မိုင် ၁ ဖာလုံအား ပြည်ထောင်စုအထူးပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေကိုသုံးစွဲလျက် သုံးခွမြို့နယ်လမ်းဦးစီးဌာနက ၁၈ ပေအကျယ်ရရှိအောင် မြေသားလမ်းချဲ့လုပ်ငန်းအား စက်ကြီးများဖြင့်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကားလမ်းမကြီးအား ၂၀၁၈ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ADB ချေးငွေများဖြင့် ဆောင်ရွက်သွားရန် အစီအစဉ်ရှိသည်ဟု သိရသည်။ **ခရမ်းစိုးမြင့်**





*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် '' တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး'' အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ'' ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရှုဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော ''တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ကြုံခင်းတံတား၊ ဘဝသံသရာနှင့် ဒေါက်တာမတ်

## ဆူးငှက်

**'အို... တောင်ပြုန်းခေါ်၊ ပွဲတော်ကြီးနီးလာပြီ၊ လာ... ကိုမြို့မ၊ မြန့်တွဲသွားပါရစီ၊ (ဩော်... နောက်ကနေ ယောက်ဖရေ ခေါ်နေသည်)၂**

ပျိုသည်းညည်းခံ သည်းညည်းခံ ထုံးစံပါအတည်၊ အိမ်ကို မြန်မြန်ပြန်ပါ ကလေးတွေငိုကုန်ပြီ...'

ဟိုအရင်တစ်ချိန်က တောင်ပြုန်းပွဲတော်ကို ရေရှင်ချောင်းက လှေယာဉ်လောင်းနှင့် သွားကြသည်။ ထိုရေရှင်ချောင်းမှာလည်း 'ရွှေတချောင်း'ဖြစ်သည်ဟု သိရသောအခါ အံ့သြကြရ၏။

တောင်ပြုန်းပွဲအခါများဆိုလျှင်ဖြင့် ရေကြည်၊ မည်းအိုးတန်း၊ အိုးဘိုစသောနေရာတွေမှာ ရွှေတချောင်းမြောင်းထဲ လှေလောင်းတွေ ပိတ်ကပ်ညပ်လို့တဲ့...။

ထိုရှေးရှေးစကားက အခုခေတ် ရွှေတချောင်းမြင်ကွင်းနှင့် ဆိုပြန်တော့ အံ့သြကုန်နိုင်ဖွယ်ဖြစ်သည်။ အခုခေတ် ရွှေတချောင်းက နာမည်ကိုမှ အားမနာ တကယ့် ရေဆိုးမြောင်းကြီးဖြစ်တော့သည်။ မည်သို့ပင် သန့်ရှင်းအောင် စီမံဆောင်ရွက်စေကာမူ စွန့်ပစ်ရေဆိုးများ ပေါင်းစုံစီးဆင်းပြီးသကာလ အသိမဲ့၊ စည်းမဲ့မှုများကြောင့် အမှိုက်သွန်မြောင်းကြီး ဖြစ်သွားရသည်မှာ နှမြောဖို့ကောင်းလှ၏။

တကယ်တော့ ရွှေတချောင်းမြောင်းသည် 'ရေသောက်လယ်ပယ်နှင့်တကွ ပြည်သူ၊သတ္တဝါတို့ အကျိုးစီးပွားဖြစ်ထွန်းစေခြင်းငှာ အမရပူရ ဒုတိယမြို့တည်နန်းတည် ခမည်းတော်မင်းတရားကြီးဘုရား လက်ထက်တော်၌ ရှေ့ဝင်းတော်မှူးဦးရောက်ကြီးကို ကြီးကြပ်စေ၍ အမှုထမ်း ဆင်းရဲသားကျွန်တော်မျိုးတို့ ဆည်ဖို့တူးဖောက်စေရာ ရေဖျားတက်သေးအင်းသို့ ရောက်သည်' ဟု ဆိုသော လူဆည်ဖို့ ဖောက်လုပ်သော မြောင်းကြီးဖြစ်ပေသည်။

ရွှေတချောင်းသည် မတ္တရာမြို့အနီးမှ စတင်ပြီး အလယ်ဘုံ၊ ဝါးရင်းတုတ်၊ ဘဲကြီးကုန်း၊ ပေါက်တော၊ ကဘဲ၊ ကျုံးရွာ၊ သိမ်ကုန်း၊ လွန်တောင်း၊ သလွန်ဖြူ၊ တောင်ပြုန်း၊ သရက်ကုန်း၊ ကပိုင်တို့ကို ဖြတ်သန်းပြီး အိုးဘိုမှတစ်ဆင့် မန္တလေးမြို့လယ်ကို ဖြတ်စီးသော တာပေါင်း ၂၇၀၀ (၆ မိုင်နီးပါး)ရှည်လျားသည့် မြောင်းကြီးဖြစ်သည်။ ရွှေတချောင်း၏ မူလအမည်မှာ 'နှဲကုပ်သိုမြောင်း'ဖြစ်သည်။

ကျွန်တော်တို့သိသော ရွှေတချောင်းကား ဘာမှမဟုတ်၊ အိုးဘိုနားမှစ၍ သိသော ရွှေတချောင်းတိုတိုလေးပဲဖြစ်ပါသည်။ ကပိုင်ဘက်ရောက်လျှင်တော့ တစ်ပိုင်းတစ်စ၊ တောင်ပြုန်းရောက်တော့ တစ်ပိုင်းတစ်စ၊ သည်လောက်ပဲ ရွှေတချောင်းကို သိပါသည်။ သေချာသည်ကတော့ မတ္တရာက စတင်ခဲ့သော ရွှေတချောင်းက အိုးဘိုအထိတော့ လယ်ပယ်တွေအတွက် အားထားရာ ရေရှင်ချောင်းဖြစ်မည်။ ဟောသည် မြို့ကြီးထဲရောက်ပါမှ မြို့ကြီးသားများ၏ ပယောဂဖြင့် ရေဆိုးမြောင်းဖြစ်သွားရသည်က ဝမ်းနည်းစရာကောင်းလှ၏။

အိုးဘိုကလွန်တော့ ရွှေတချောင်းဘေးမှာ ငါးကန်တွေရှိသည်။ ခြံဝင်းကျယ်တွေရှိသည်။ တောင်ပြုန်းပွဲတော် မတိုင်မီ တစ်ပတ်ကြို ဥပုသ်နေ့မှာ ထိုနေရာ၌ နာမည်ကျော် အိုးပုတ်ပွဲကို အိုးဘိုရပ်က ရွှေတချောင်းမြောင်းနားမှာ ခင်းကျင်းသည်။

ထို့နောက် ရွှေတချောင်းသည် ဗျစ်စက်ရုံဟု မန္တလေးသားတွေ သိခဲ့ကြသည့် ယခုမန္တလေးဘီယာနှင့် အရက်ချက်စက်ရုံအနားက ဖြတ်စီးသည်။ အမရဌာနီ ရပ်ကွက်မှတစ်ဆင့် အမရစံခေါင်ရပ်ကွက်ကို ဖြတ်ကာ ၁၁ လမ်းရောက်သောအခါ ရွှေတချောင်းဖြတ်ကူးတံတားကို ယခင်က ကြုံခင်းတံတားဟု ခေါ်သည်။ ကြုံခင်းရပ်ကွက်ဟု ခေါ်ကြသည်။ သစ်သားတံတားကြီး ရှိခဲ့ဖူးသည်။ ယခင်ကတော့ ထိုရပ်ကွက်များကား တကယ့် အစွန်အဖျား။ အမှိုက်ကုန်းကြီးကို ကျော်ဖြတ်ရသည်။



ယခုတော့ တကယ့်နေရာ။ နောက်ပေါက်လူတွေ မျက်စိကျသော နေရာ။ မြေအနေအထားကောင်းသည်။ အကွက်အကွင်းကောင်းသည်။ လုပ်ငန်းတွေထူထောင်ကြဖို့ အဆင်ပြေသည်။ ထို့ကြောင့် အိမ်ဝင်းကျယ်တွေ၊ တိုက်တာအဆောက်အအုံတွေ၊ လမ်းမီးတွေ၊ လမ်းကောင်းတွေနှင့် ရုတ်ခြည်းပြောင်းလဲသွားသော ရပ်ကွက်ကြီးဖြစ်လာသည်။

ထိုနေရာမှစ၍ ရွှေတချောင်းမြောင်းတစ်လျှောက်တွင် ဘုန်းကြီးကျောင်းဝင်းကြီးများအား တစ်နံတစ်လျား ဆက်တိုက်တွေ့ရတော့သည်။ ထိုဘုန်းကြီးကျောင်းဝင်းကြီးများကား ရွှေတချောင်းမှ အနောက်ဘက် ဧရာဝတီမြစ်ကမ်းအတွင်း ပြည်တိုက်၊ ငါးကျမ်းတိုက်၊ နေထွက်ဂူတိုက်၊ လင်္ကာရာမတိုက်၊ ရွှေလုံတိုက်၊ ကူကြီးတိုက်၊ အက္ကပတ်မြင်းဝန်တိုက်၊ လက်နက်ဝန်မင်းတိုက်၊ ရွှေပြည်တိုက်၊ ဒုတ်လှမ်းတိုက်၊ သာသနာလင်္ကာရတိုက်၊ မဟာဒီပဲယင်းတိုက်၊ တိုက်တော်၊ အလကပ္ပတိုက်၊ ခေမာသီဝံတိုက် စသည်တို့ ဖြစ်သည်။

ထိုကျောင်းတိုက်ကြီးများအနက် 'တိုက်တော်' အတွင်းတွင် သိမ်တော်နှင့်တကွ မဟာဗောဓိသားစစ်စစ် ရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်စံပယ်တော်မူလျက်ရှိ၏။ မင်းတုန်းမင်းတရားကြီး လက်ထက် သက္ကရာဇ် ၁၂၃၇ ခုနှစ်တွင် လယ်ကိုင်းမြို့စား သတိုးမင်းကြီး မဟာစည်သူအား ရတနာပုံနေပြည်တော်မှ ဗုဒ္ဓဂယာမဟာဗောဓိသို့ စေလွှတ်ပြီး မြောင်လှမြို့စားနှင့်အတူ မဟာဗောဓိပင် လက်ယာ တောင်ကိုင်းမှ ဗောဓိသား ၁၀ တုံးကို ပင့်ဆောင်စေခဲ့လေသည်။ ၁၂၃၈ ခုနှစ်တွင် ဗောဓိသား ၁၀ တုံးမှ ၅ တုံးကို ရုပ်ပွားတော်မြတ်ထုလုပ်စေပြီး ရွှေနန်းတော် မြောက်ဥယျာဉ်တော်အတွင်း အုတ်၊ ကျောင်း၊ ပြာသာဒ် ဆောက်လုပ်ကိုးကွယ်ခဲ့သည်။ ထိုရုပ်ပွားတော်ကို ၁၂၄၁ ခုနှစ် တော်သလင်းလ၌ အတုမရှိ ကျောင်းတော်ကြီးကို ပင့်ဆောင်ကိုးကွယ်ခဲ့ရာ ၁၂၅၄ ခုနှစ်ကျောင်းတော်ကြီး မီးခရာ၌ ရုပ်ပွားတော်မြတ် ပါဝင်သွားခဲ့သည်။

၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆ ရက်၊ ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး နတ်ရွာစံရာ ၁၂၄၁ ခုနှစ် သီပေါမင်းလက်ထက်တွင် ဖခမည်းတော် ကျန်ရစ်ခဲ့သော မဟာဗောဓိ ဒက္ခိဏသာခါ ဗောဓိသားများကို ရုပ်ပွားတော် ထုလုပ်တော်မူခဲ့သည်။ မြတ်စွာဘုရား၏ သရီရ ဓာတ်တော်၊ မွေတော်၊ ကျောက်သံပတ္တမြား၊ ရွှေလွှာပေးရေး၊ ပါဠိတော်များ သွင်းနှံဌာပနာထားခဲ့သည်။ ရုပ်ပွားတော်ထုလုပ်ရာ၌ မဟာဓမ္မရာဇာဓိရာဇာဂုရု လှတွေဆရာတော်နှင့် အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်ခန်းပတ်မြို့စားမင်းတို့ ကြီးကြပ်ပြီး ထုလုပ်ခဲ့၏။

ထီးကျိုးစည်ပေါက်ဖြစ်သော မာလာလင်္ကာရဓဇမဟာသေနာပတိ အတုလဓိပတိ သီရိပဝရမဟာဓမ္မရာဇ ဓိဂုရုတောင်တော် သာသနာပိုင်ဆရာတော်က ပင့်ဆောင်ကာ တိုက်တော်အတွင်းရှိ သိမ်တော်အတွင်း၌ ပူဇော်ထားခြင်းဖြစ်သည်။ ထိုတိုက်တော်ကို အနောက်တိုက်တော်ဟု ခေါ်ဆိုကြ၏။

ပြည်ကြီးရန်လုံရပ်၊ ရွှေတချောင်း မြောင်းအနောက်ဘက်ကမ်းမှာ ယခင်က မန္တလေးမြို့၏ အထင်ကရနေရာကြီးလည်း ရှိခဲ့ဖူးပါသည်။ ထိုနေရာကား တစ်ချိန်က မန္တလေးမြို့၏ဆင်ခြေဖုံးနေရာ ဖြစ်ခဲ့၏။ တကယ့် ဆိတ်ငြိမ်ရပ်ကွက်ဖြစ်ခဲ့၏။ ဘေးပတ်ဝန်းကျင်မှာ နှင်းဆီပန်းနှင့်အတူ အလှစိုက်ပန်းပင်တွေ စိုက်ပျိုးရာ ပန်းခြံကြီးများသာ ရှိသဖြင့် ရှုခင်းရှုကွက်ကောင်းသည်။ နှင်းဆီခြံတွေက ဟို...အနောက်ဘက် ဧရာဝတီမြစ်ကမ်းနားအထိ တစ်မျှော်တစ်ခေါ်။ နှင်းဆီခြံများသို့ ရေသွယ်ယူသော စမ်းချောင်းရှင်လေးများကလည်း တသွင်သွင်၊ သစ်ရိပ်ဝါးရိပ် လွှမ်းလေသောကြောင့် နွေခိုငှက်၊ မိုးခိုငှက်၊ ဆောင်းခိုငှက်တို့၏ အလှည့်ကျတေးသံများကလည်း ရာသီမပြတ်။

ထိုသို့သော နေရာတွင် မန္တလေး၏ အထင်ကရနေရာကြီး ရှိခဲ့ဖူးပါသည် ဟုဆိုလျှင် ယခုလိုဈေးသည်သံ၊ လူသံ၊ သူသံ၊ မြင်းလှည်းသံ၊ ဘတ်စ်ကားဟွန်း တဘော်ဘော်သံ ၊ သံပြားထုနှက်သံ၊ ရေခဲစက်မှ တဂျုန်းဂျုန်းရေခဲလှိမ့်သံ၊ ရပ်ကွက်ဓမ္မာရုံအလှူခံအသံချဲ့စက် တစာစာသံ၊ ဝက်သားတုတ်ထိုးတွန်းလှည်းရှေ့သံ၊ ထီတွန်းလှည်းက မယ်ဒလင်သီချင်းသံ... စသည်စသည် အသံဗလံတွေ ဆူညံကာ အိမ်တွေ ၊ အိမ်တွေ ၊ ပြည့်ကျပ်၊ လူတွေလူတွေ ဖိထပ်လာသည့်နေရာမှာ ဟုတ်နိုင်ပါ့မလား ဟု သံသယဖြစ်ဖွယ် ရှိချေလိမ့်မည်။

ဟုတ်ပါသည်။ ဤနေရာမှ 'ဘဝသံသရာ'ဖြင့် ပရိသတ်အာရုံကို လှုပ်နှိုးလိုက်သည်။ 'မြတ်ပန်းဝတ်ရည်' ဖြင့် ခေါင်းမော့လာစေသည်။ 'ဤလူ့ဘောင်တွင်'ဖြင့် အံ့အားသင့်စေ၏။ 'ရေမြေဆုံးတိုင်' ''ကိုယ်ပိုင်မေတ္တာ'ဖြင့် လုပ်ဖော်ကိုင်ဖက်များကို ကျော်ဖြတ်ခဲ့သည်။ 'ကံ'ဖြင့် မှတ်တိုင်တစ်တိုင်ကို ထိုးစိုက်လိုက်သည်။ ထို့နောက်... ပတ္တမြားမယ်၊ မောင်တို့ချယ်ရီမြေ၊ မောင့်မူပိုင်ရှင်၊ ဘုရားမှာတစ်ခါဆုံတယ်၊ ကျောက်ဘီလူးနဲ့ ပပဝင်း၊ လမ်းပေါ်က ချစ်သူ၊ သစ္စာမိုးဦး၊ အပျံသင်စ၊ သည်သောင်ယံက မခွာရက်နိုင်တယ်၊ ချစ်တဲ့စိတ်ဟာဆန်းကြယ်၊ ဘဝလက်ဆောင်၊ ကန္တာရဝတီ၊ ချစ်ပန်းနေကြာ၊ ဇာနည်ခိုင်မာသွယ်၊ သူ့ခြေသူ့မျက်လုံး စသည်၊ စသည့်...။

ထိုနေရာကား နာမည်ကျော် မန္တလေးရုပ်ရှင် ခြံဝင်းကြီးဖြစ်၏။ ရွာစားစိန်မောင်ကိုကြီး၏ ပတ်မ 'ထီ' ခနဲ အသံနှင့်အတူ နန်းတော်တံဆိပ်နှင့် နာမည်ကျော်ရုပ်ရှင်ကားကြီးများ ထုတ်လုပ်ရာခြံဝင်းကြီးဖြစ်သည်။'မန္တလေးရုပ်ရှင်ကုမ္ပဏီလီမိတက်'၏ ကိုယ်ပိုင်ရုပ်ရှင်စတူဒီယိုဝင်းကြီးလည်းဖြစ်၏။

'မန္တလေးရုပ်ရှင်ကုမ္ပဏီလီမိတက် 'ကို မန္တလေးမြို့က ရုပ်ရှင်ဝါသနာရှင်များ၏ အစုရှယ်ယာများဖြင့် စုဆောင်းမတည်ထားခြင်းဖြစ်သည်။ရှယ်ယာဝင်များကား မန္တလေးမြို့စီးပွားရေးမျက်နှာစာအသီးသီးတွင် အောင်မြင်နေသူများဖြစ်၏။ ထို့ကြောင့် မန္တလေးရုပ်ရှင်ကုမ္ပဏီလီမိတက်ကို စီးပွားရေးသဘောအရ မဟုတ်ဘဲ၊ တကယ့်ဝါသနာအရ ထူထောင်ခဲ့ကြခြင်းဖြစ်သည်။

ဓားတန်းဦးသန့်၊ ဦးကျော်ဝင်း၊ ဦးကျော်မင်း၊ ဦးစိန်ဝင်း၊ ဦးအေးမောင် (ရတနာပုံ) ၊ဦးမောင်ကို ၊ ရေချိုဦးအေးမောင်၊ ရွှေမန်းတင်မောင် ၊ ဦးစံရွှေ ၊ အရေးပိုင်ဦးမောင်မောင်၊ ရတနာပုံ ဆီစက်ဦးမောင်မောင်၊ ဦးထွန်း၊ ဦးထွန်းရှိန် ၊ ဦးခင်မောင်၊ ဦးနေဝင်းတို့၏ အစုရှယ်ယာများဖြင့် ထူထောင်ခဲ့သည်ဆို၏။ ၁၉၅၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် စတင်ထူထောင်ရန် လျာထားခဲ့ကာ ၁၉၅၉ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ကုမ္ပဏီနှင့်အတူ မန္တလေးရုပ်ရှင်ခြံကြီးကို ခေတ်မီပစ္စည်းကိရိယာများအပြည့်အစုံနှင့် ထူထောင်နိုင်ခဲ့၏။

အနောက်ဂျာမနီထုတ် အာရီ (Arri) အမျိုးအစား ကင်မရာ၊ မီးလုံးအရွယ်အစားမျိုးစုံကို မန္တလေးရုပ်ရှင် တစ်ဦးတည်းသာ မြန်မာနိုင်ငံတွင် ဝယ်ယူသုံးစွဲနိုင်ခဲ့သည်။ ထိုခေတ်က ကျပ်ငွေတစ်သိန်းကျော်ပေးရသည့် မြန်မာနိုင်ငံတွင် အကောင်းဆုံး ဂါးမောင့်တယ်လီအသံဖမ်းစက်ကို သုံးစွဲခဲ့သည်။ စိန်မောင်ကိုကြီး၏ အဖွင့်ပတ်မသံကို အပီအပြင် တင်ပြနိုင်ခဲ့သည်မှာ ထိုအသံဖမ်းစက်၏ စွမ်းရည်ကြောင့်ပင်ဖြစ်သည်။ မန္တလေးရုပ်ရှင်ကြောင့် ဝါသနာရှင်များလည်း နာမည်ကြီးသရုပ်ဆောင်များ၊ ဒါရိုက်တာများအဖြစ် ပေါ်ထွန်းခဲ့ကြရသည်။

***(''တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး'' ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# နတ်တော်လနှင့် ပွဲတော်များ

**ဆောင်းပါး - ဒေါက်တာမောင်ဖြေ**

နတ်တော်လသည် နတ်ကိုအကြောင်းပြု၍ ပေါ်ပေါက်လာသည်ဆို၏။ ဤလတွင် နတ်တို့ ပျော်မြူးလေ့ရှိ၍ 'နတ်ပျော်လ'ဟုဆိုရာမှ နတ်တော်လဖြစ်လာသည်ဟု ဆို၏။

'နတ်တော်လရောက် ကောက်ဆွပေါက်' ဟု ဆိုစကားရှိ၏။ ရိတ်သိမ်းပြီးသော ရွှေဝါရောင်ကောက်လှိုင်းစည်းတို့ကို လှည်းဖြင့်တိုက်၍ မိမိတို့လုပ်ငန်းခွင် တလင်းသို့အရောက် သယ်ဆောင်လာကြ၏။ ကောက်လှိုင်းပုံမှ ကောက်ပြန့်ခင်း၍ နွား၊ ကျွဲများဖြင့် စပါးနယ်ရ၏။ နင်းနယ်ပြီးသော ကောက်ပြန့်များကို ကောက်ရိုးတခြား၊ စပါးတခြားဖြစ်အောင် လယ်ယာလုပ်သားကြီးတို့က ကောက်ဆွပေးရခြင်းဖြစ်၏။

ရှေးခေတ်က စစ်မက်အင်္ဂါပြည့်စုံစေရန် ဆင်တပ်၊ မြင်းတပ်စသည်တို့က အဓိက ဖြစ်၏။ ဆင်တပ်၊ မြင်းတပ်ပြည့်စုံသော တိုင်းပြည်က စစ်ရေးစစ်ရာတွင် အသာရရန် များ၏။ ရှေးခေတ်က မြန်မာဘုရင်တို့သည် နတ်တော်လတွင် ဆင်ဖမ်းပွဲကို တခမ်းတနားကျင်းပခဲ့ကြကြောင်း တောင်ငူခေတ် စာဆိုအကျော်တစ်ဦးဖြစ်သော မင်းဇေယျရန္တမိတ်က ဖွဲ့ဆိုခဲ့၏။

နတ်တော်လတွင် ရှေးမြန်မာဘုရင်တို့သည် စစ်ဘက်၊ စာပေဘက်၊ အုပ်ချုပ်ရေးဘက်တွင် ထူးချွန်သော ပညာရှင်များ၊ မင်းညီမင်းသား၊ မှူးမတ်စသည်တို့အား ဘွဲ့ထူး ဂုဏ်ထူးများ ပေးအပ်ချီးမြှင့်လေ့ရှိ၏။ ထိုသို့ ဘွဲ့နှင်းသဘင်ပွဲ ဆင်ယင်ကျင်းပခြင်းဖြင့် နိုင်ငံတော်တွင် စစ်သူရဲကောင်း၊ စာပေသူရဲကောင်း၊ အုပ်ချုပ်စီမံမှု ထူးချွန်သူများ ထွက်ပေါ်လာအောင် ဖန်တီးရာရောက်သဖြင့် တိုင်းပြည်အတွက်အကျိုးရှိသော ပွဲတော်မျိုးဖြစ်၏။

ဝေါဟာရလီနတ္ထပကာသနီဆရာကြီးက ပူဇော်ပသသော နတ်တော်အကြောင်းကို နှစ်မျိုးဖွင့်ဆိုထား၏။ ပထမတွင် 'ဂေါဇာနေမင်း၊ ဖြိစ္ဆာချင်း၍' အစချီသော ဟိတကာရီကျမ်းလင်္ကာကို ကိုးကား၍လည်းကောင်း၊ 'သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာ၊ မင်းဆရာတို့၊ မဟာပိန္နဲ၊ ကျွေးမြဲစီရင်၊ ရှေကြိုးငင်လျက်'ဟူသော ဦးအောင်ကြီး၏ ဆယ့်နှစ်လရာသီလူးတားကို ထောက်၍လည်းကောင်း ကမ္ဘာဦးကာလက နတ်တော်လတွင် မဟာပိန္နဲနတ်မင်းကို ပူဇော်ပသလေ့ရှိကြသည်ဟု ဖွင့်ဆို၏။

### မဟာဂီရိနတ်ပွဲနှင့် မဟာပိန္နဲနတ်ပွဲ

မြန်မာလူမျိုးအများစု၏အိမ်တွင် ကြွက်မြီးပါသောအုန်းသီး၌ ရာနီရှာဖြူတို့ကို ပတ်၍ ကိုးကွယ်သည့် နတ်မောင်နှမရှိ၏။ ထိုနတ်မောင်နှမကို 'အိမ်တွင်းနတ်'ဟူ၍ ခေါ်၏။ ယင်းနတ်မောင်နှမအနက် မောင်တော်နတ်အား ပုပ္ပားတောင်ကြီး၌ ကနားရ၏။ ထိုတောင်ကြီး၌ပင် နေသည်ကိုစွဲပြီး တောင်ကြီးမောင်တော် ပါဠိဘာသာဖြင့် မဟာဂီရိ(မဟာ=ကြီးသော+ဂီရိ=တောင်)ဟုလည်းကောင်း၊ နှမတော်နတ်အား မြန်မာဘာသာဖြင့် တောင်ကြီးရှင်ဟုလည်းကောင်း ခေါ်ကြ၏။

ရာဇဝင်အဆိုအရ သက္ကရာဇ် ၂၂၆ ခုနှစ် ပုဂံ သေလည်ချောင်မင်းလက်ထက်မှစ၍ မိဖုရား၊ မှူးမတ်ဗိုလ်ပါများနှင့်အတူ ပုဂံပြည်သူပြည်သား အပေါင်းတို့သည် နတ်တော်လသို့ရောက်လျှင် ပုပ္ပားတောင်သို့တက်ပြီး ကျွဲဖြူ၊ နွားဖြူ၊ ဆိတ်ဖြူ၊ ကြက်ဖြူ၊ သေရည်သေရက်စားပွဲများဖြင့် ပူဇော်ပသကြ၏။ ထိုမင်းလက်ထက်မှစ၍ ပုဂံမင်းအဆက်ဆက်တို့သည် ပုပ္ပားတောင်သို့တက်ပြီး မဟာဂီရိနတ်ပူဇော်ပွဲကို နှစ်စဉ် ကျင်းပပြုလုပ်လေ့ရှိ၏။

မှန်နန်းမဟာရာဇဝင်တော်ကြီးကို ထောက်ရှု၍ မဟာဂီရိနတ်သည် ပင်းယခေတ်၌ နန်းတွင်းနတ်အဖြစ် အရေးပါကြောင်း သိရှိရ၏။ မြန်မာနိုင်ငံတွင် နတ်ကိုးကွယ်မှုများသည် တစ်ခါတစ်ရံ တစ်ဖက်စွန်းသို့ ရောက်လာတတ်၏။ ထို့ကြောင့် မြန်မာဘုရင် မင်းကောင်းမင်းမြတ်တို့သည် မင်းအာဏာဖြင့် နှိမ်နင်းခဲ့ကြရသည်ကို မြန်မာ့သမိုင်းများ၌ တွေ့ရှိရ၏။

အနော်ရထာမင်းလက်ထက်က လူတို့သည် မိမိတို့၏အိမ်ရှေ့တွင် နတ်အိမ်ငယ်များဆောက်လုပ်၍ နတ်ရုပ်များသွင်းကာ နေ့စဉ် အစားအစာများကိုတင်၍ ပူဇော်လေ့ရှိ၏။ ထိုအချိန်တွင် မင်းမဟာဂီရိနတ်မောင်နှမတို့ထင်ရှားခေတ်စားနေချိန်ဖြစ်၏။ အနော်ရထာမင်းသည် မင်းမိန့်ဖြင့် ထိုနတ်အိမ်များကို ဖျက်စေ၍ ပုဂံသူပုဂံသားတို့သည် မင်းမိန့်ကို မတော်လှန်ဝံ့ကြပေ။ နတ်ရုပ်တို့ကို သံကြိုးဖြင့်ချည်တွဲကာ ပုဂံရွှေစည်းခုံဘုရား တစ်နေရာ၌ စုထားစေ၏။ ယခုတိုင် ဘုရားရင်ပြင်တော်၏ တစ်ထောင့်တွင် ၃၇ မင်းနတ်ရုပ်များ ရှိ၏။

ပုဂံသူပုဂံသားတို့သည် မိမိတို့အိမ်တွင်း၌ အုန်းသီးများဆွဲကာ နတ်တို့၏ကိုယ်စားအဖြစ်လည်းကောင်း၊ ပူဇော်ပသခြင်းအဖြစ်လည်းကောင်း ကိုးကွယ်ထားကြ၏။ ယင်းအချိန်မှစပြီး မဟာဂီရိနတ်သည် အိမ်တွင်းသို့ ရောက်သွားဟန်ရှိ၏။


အိမ်တွင်းတွင် အုန်းသီးချိတ်ဆွဲ၍ ကိုးကွယ်သောနတ်ကို အိမ်တွင်းမင်းမဟာဂီရိဟု ခေါ်ဆိုနေ၏။ အုန်းသီးစိမ်းကို နတ်အုန်းသီးအဖြစ် တင်မြှောက်ပသထားခြင်းဖြစ်၏။ မဟာဂီရိနတ်မှာ စံကားပင်တွင်ချည်နှောင်၍ ဖိုကျင်ထိုးပြီး အသတ်ခံရ၏။ ထို့ကြောင့် မီးကိုအလိုမရှိ၊ မီးရောင်ကိုပင် အမြင်မခံလို၊ မီးရောင်မထိအောင် ကာဆီးထားရ၏။ အုန်းသီးစိမ်းရေသည် မီးလောင်ခံရသူတို့ကို အပူသက်သာစေ၏။ ယင်းအဓိပ္ပာယ်ဖြင့် မဟာဂီရိနတ်ကို အုန်းသီးစိမ်းဖြင့် ပူဇော်ပသထားခြင်းဖြစ်၏။ ရာနီရှာဖြူမှာ နတ်ခေါင်းပေါင်းများအဖြစ် ပူဇော်ထားသော နတ်အသုံးအဆောင်များဖြစ်၏။

သက္ကရာဇ် ၉၁၈ ခု ဘုရင့်နောင်လက်ထက်တွင် နတ်ကိုးကွယ်ပသမှုတို့သည် အလွန် ကြမ်းတမ်းလာ၏။ မင်းမိန့်ဖြင့် နှိမ်နင်းတားမြစ် ဖျက်ဆီးယူရ၏။ ထိုအချိန်မှစပြီး မဟာဂီရိနတ်မောင်နှမအား သက်သတ်လွတ်ဘောဇဉ် အာဟာရများဖြင့် ပူဇော်ပသရ၏။ နောက်ပိုင်းတွင် နတ်တော်လ၌ မဟာဂီရိနတ်မောင်နှမအား ပူဇော်ပသမှုသည် ဗုဒ္ဓဝါဒနှင့်မကိုက်ညီ၍ တစ်စတစ်စ ကွယ်ပသွား၏။

မြန်မာဘုရင်များသည် နတ်တော်လကျရောက်သောအခါ မဟာပိန္နဲနတ်ကိုသာ ရထားတင်ဆွဲစေပြီး ပူဇော်ပူသကြ၏။ ဒုတိယအင်းဝ ခေတ်ဦးပိုင်း နတ်တော်လတွင် မဟာဂီရိနတ်ပွဲအစား မဟာပိန္နဲနတ်ပွဲကို ရာသီပွဲအဖြစ် ပြောင်းလဲကျင်းပသည်ဟု ခန့်မှန်းရ၏။

မဟာပိန္နဲနတ်မင်းသည် နတ်ကြီးငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ပရမီသွာနတ်မင်းကြီး၏မိဖုရား ဟာရိနီမည်သော ဥမ္မာဒေဝီမှ ဖွားမြင်သောသား ဖြစ်၏။ ဖခင်ပရမီသွာနတ်မင်းနှင့် တူ၏။ ကွဲပြားခြားနားစေလို၍ လည်ပင်း၌ ဆည်းလည်းဆွဲထား၏။ စန္ဒကုမာရဟုလည်း ခေါ်၏။ ဥဒေါင်းယာဉ်ကို စီး၏။ ဇမ္ဗူဒီပါ တောင်မျက်နှာအရပ်တွင်လည်းကောင်း၊ မြောက်မျက်နှာအရပ်ဖြစ်သော စိန့်တိုင်းတွင်လည်းကောင်းနေသည်ဟု လောကပညတ္တိကျမ်း၌ ဆို၏။ တန်ဆောင်မုန်းလတွင်မွေးဖွား၍ အစွယ်တစ်ချောင်းရှိကြောင်း၊ ဆင်မျက်နှာနှင့်တူကြောင်း၊ လုံလက်နက်စွဲကိုင်ကြောင်း၊ ဥဒေါင်းယာဉ်ရှိကြောင်း၊ နတ်စစ်သူကြီးဖြစ်ကြောင်း သက္ကတအဘိဓာန်၌ ဖွင့်ကြ၏။ အမရကောသ အဘိဓာန်ကျမ်းတွင် မဟာပိန္နဲနတ်၏ အမည်များကို ဝိနာယက စသည်ဖြင့် ရှစ်မျိုးပြဆိုထား၏။

ဘိုးတော်မင်းတရား မေးလျှောက်၍ ပထမမောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီး ဖြေဆိုတော်မူသည့် အမေးတော်ဖြေကျမ်းတွင် မဟာပိန္နဲနတ် ပူဇော်နည်းကို ပဥ္စဒေဝတာကျမ်း၊ တန္တြသာရကျမ်းတို့နှင့်အညီ ဤသို့ပြဆိုထား၏။ ဖျင်ပုဆိုးတွင် ပွင့်ချပ်ရှစ်ခု၊ ဝတ်မှုန်ရှစ်ဆန်ပါသော ပဒုမ္မာကြာကိုရေးပြီး ယင်းအချပ်ရှစ်ခုနှင့် အလယ်ဝတ်မှုန်တွင် မန္တာန်ကိုးပါးကိုချကာ ဒေါင်းယာဉ်ပုံရထားပေါ်၌ အသီးသီး ရပ်လျက် နတ်ပင့်မန္တာန်များကို ရွတ်ဖတ်၍ နတ်ကို ရထားပေါ်သို့ပင့်ရ၏။ ချိုးရေ၊ သောက်ရေတို့ကို ပသရ၏။ တစ်ဖန် နံ့သာရည်၊ ပန်း၊ ဆီမီး၊ သစ်သီး၊ အချိုအချဉ်၊ နွားနို့ထမင်း၊ အဖျော်များနှင့် ကွမ်းတို့ကို ပူဇော်ရ၏။ ထို့နောက် ပုဏ္ဏားရှစ်ယောက်တို့က ဂါထာရွတ်ဖတ်ရှိခိုးပြီး ဆုတောင်းဆုပန်ပြုကြရ၏ဟု ဖော်ပြပါရှိသည်။



ကျိုက်မရောမြို့၌ ၂၀၁၃ ခုနှစ်က ကျင်းပသော စာပေဟောပြောပွဲတစ်ခု (ဓာတ်ပုံ-အတ္ထရံလူငယ်ဝက်ဘ်ဆိုက်)

ထိုမဟာပိန္နဲနတ် ပူဇော်ပွဲမှာ ရိုးရာပွဲတစ်ခုဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသာကျမ်းဂန်များအရ ဖြစ်ပေါ်လာသော ပွဲတော်မဟုတ်ပေ။ ယင်းသို့သောပွဲတော်ကို 'ဆယ်နှစ်ဖြာငယ်၊ ရာသီခနေ၊ ရွှေဟင်္သာလဲ၊ တာရာဖြူလို့၊ ဇေယျူငယ်ပြဟ္မာ၊ ဟေမန္တမို့၊ မဟာပိန္နဲ နတ်မင်းပွဲမှာ ကျွေးမြဲပူဇော် လနတ်တော်ကို ရှုမျှော်တိမ်ဆီ မိဂသီလဲ၊ ခါညီမွှန်းလယ် ထွန်းရောင်ခြည်ခြယ်သောအခါ၊ နတ်ရွှေဝဥကင်မှာ ဂမုန်းအင်သဇင်မင်းငယ်က သင်းလှတယ်လေး'ဟူ၍ မဟာအတုလမင်းကြီးက လွမ်းချင်းဖြင့် မှတ်တမ်းတင်ခဲ့သည်။

### စာဆိုတော်ပွဲ

မျက်မှောက်အခါတွင် နတ်တော်လတွင် နတ်ပူဇော်ပွဲများပြုလုပ်သည့်ဓလေ့ပပျောက်၍ စာဆိုတော်ပွဲသာလျှင် ကျင်းပလာကြသည်။ စာဆိုတော်ပွဲသည် ဘိုးတော်မင်းတရားလက်ထက်ကပင် စတင်ပေါ်ပေါက်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ နတ်တော်လကို မျက်မှောက်ခေတ်ကာလတွင် စာဆိုတော်လအဖြစ်လည်းကောင်း၊ နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့ဟုလည်းကောင်း သတ်မှတ်ခဲ့ကြသည်။

စာပေသည် အနုပညာအားလုံး၏ ကိန်းဝပ်ရာဖြစ်သည်သာမက ယဉ်ကျေးမှုအနုပညာ၏ အသက်သွေးခဲဖြစ်သည်။ အသိလိမ္မာ၊ ဉာဏ်ပညာ ထွန်းကားစေရန်အတွက်လည်း အထောက်အကူပြုသည့် မီးရှူးတန်ဆောင်ဖြစ်သည်။ ထိုမီးရှူးတန်ဆောင်ဖြစ်သည့် စာပေများကို ရှေးရှေးသော ကျမ်းပြုအကျော်အမော် ဆရာတော်ကြီးများ၊ ရဟန်းပညာရှိ၊ လူပညာရှိ၊ စာပေပညာရှိကြီးများက ရေးသားလမ်းညွှန်ကြသည်။ ထို့ကြောင့်ပင် ယဉ်ကျေးမှုအမွေအနှစ်များ တည်တံ့ထွန်းကား ပြန့်ပွားခြင်းဖြစ်သည်။

ယင်းသို့ တည်တံ့နေခြင်းမှာလည်း ပုဂံ၊ ပင်းယ၊ အင်းဝမှသည် ခေတ်အဆက်ဆက်အတွေးအခေါ်၊ အလိမ္မာ၊ ယဉ်ကျေးမှုစသည်တို့ကို ပေထက်တွင်ရေးခြစ်၍ မှတ်တမ်းတင်ထားသည်။ ကျောက်ထက်တွင်ထွင်း၍ ထိန်းသိမ်းခဲ့သည်။ စာရွက်ပေါ်တွင် ပုံနှိပ်မှတ်တမ်းတင်သည်။ စကားပြေ၊ ကဗျာစသည့် အရေးအဖွဲ့များဖြင့် ပြုစုထားခဲ့သည်။ ထိုစာပေတို့အား စာပေပညာရှင်များက လေ့လာမှီငြမ်း မှတ်တမ်းတင်၍ ဆည်းပူးလေသည်။

ယခုခေတ်အခါတွင်ကား နတ်တော်လသည် နတ်ပူဇော်ပွဲများပြုလုပ်သည့်လ မဟုတ်တော့ဘဲ နိုင်ငံတော်၏ အမျိုးသားရေးဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍအသီးသီးတွင် ဘက်စုံဖွံ့ဖြိုးစေရန်အတွက် အသက်ဝိညာဉ်ဖြစ်သည့် စာပေကို နိုင်ငံတော်က မြှင့်တင်လျက်ရှိသည့် အခါသမယ နတ်တော်လဟု ဆိုရမည်ဖြစ်ပေတော့သည်။ ။

**နတ်တော်လတွင် ရှေးမြန်မာဘုရင်တို့သည် စစ်ဘက်၊ စာပေဘက်၊ အုပ်ချုပ်ရေးဘက်တွင် ထူးချွန်သော ပညာရှင်များ၊ မင်းညီမင်းသား၊ မှူးမတ်စသည်တို့အား ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်လေ့ရှိ၏။ ထိုသို့ ဘွဲ့နှင်းသဘင်ပွဲ ဆင်ယင်ကျင်းပခြင်းဖြင့် နိုင်ငံတော်တွင် စစ်သူရဲကောင်း၊ စာပေသူရဲကောင်း၊ အုပ်ချုပ်စီမံမှု ထူးချွန်သူများ ထွက်ပေါ်လာအောင် ဖန်တီးရာရောက်သဖြင့် တိုင်းပြည်အတွက်အကျိုးရှိသော ပွဲတော်မျိုး ဖြစ်၏။**

## ကျေးရွာချင်းဆက်တံတားကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများစုပေါင်းပြုပြင်

**ကသာ ဒီဇင်ဘာ ၂၀**

ကသာမြို့နယ်အတွင်းမှ ပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေရေးအတွက် အောင်ချမ်းသာကျေးရွာအနီးရှိ တုံးပေါ်ချောင်းကူး ကျေးရွာချင်းဆက် အောင်ပြည်ငြိမ်းတံတားကို စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဒေသခံပြည်သူများ၏ စုပေါင်းလုပ်အားများဖြင့် ဒီဇင်ဘာ ၁၈ ရက်က ပြုပြင်ခဲ့ကြောင်း သိရသည်။

တံတားကို ဒေသခံစေတနာရှင်များ စုပေါင်းလှူဒါန်းငွေ ကျပ်နှစ်သိန်းဖြင့် ကသာမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဖြိုးသူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးဇော်ထွန်း ဦးဆောင်သည့် ပြည်သူများ၏ လုပ်အားဒါနများဖြင့် ပြုပြင်ခဲ့ကြခြင်းဖြစ်ကာ ရတနာရောင်ခြည် စက်သုံးဆီရောင်းဝယ်ဖြန့်ချိရေး ကုမ္ပဏီက လုပ်အားပေးသူများအား အာဟာရဒါနပြုခဲ့ကြောင်း သိရသည်။

ယခုပြုပြင်ခဲ့သော အောင်ပြည်ငြိမ်းတံတားသည် အရှည် ပေ ၈၀၊ အကျယ် ၁၄ ပေရှိပြီး ပြုပြင်ရန် လိုအပ်နေသဖြင့် ဝိုင်းဝန်းပြုပြင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ တံတားကို ရေရှည်တည်တံ့ခိုင်မြဲသော ကွန်ကရစ်တံတားအဖြစ် တည်ဆောက်နိုင်ရေးအတွက်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေတွင် တင်ပြထားကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



## အရှိန်လွန်ယာဉ်က ဆိုက်ကား၊ ဆိုင်ကယ်နှင့် အခြားကားများကို တိုက်မိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နေပြည်တော် ပျဉ်းမနားမြို့ ရွှေညောင်ပင်ကားဂိတ်အနီး ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်၌ အရှိန်လွန်မောင်းလာသည့် ကားတစ်စီးက ဆိုက်ကားနှစ်စီး၊ ဆိုင်ကယ်တစ်စီးနှင့် အခြားကားတစ်စီးကို တိုက်မိမှု ဒီဇင်ဘာ ၁၈ ရက် နေ့လယ်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပျဉ်းမနားမြို့(၈၅)တံတားဘက်မှ မြင်းရတနာဘက်သို့ ယာဉ်မောင်း မောင်မောင်အေး (၄၇ နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် 6K/----(Hijet)အဖြူရောင်ယာဉ်သည် အရှိန်လွန်ကာ ရပ်ထားသော ဆိုက်ကားနှစ်စီးနှင့် ဆိုင်ကယ်တစ်စီးကို တိုက်မိပြီးနောက် ဆက်လက်၍ တစ်ဖက်ယာဉ်ကြောမှ မောင်းနှင်လာသည့် ပရိဘောဂစ်ကားတစ်စီးနှင့် မျက်နှာချင်းဆိုင် ထပ်မံတိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ဆိုက်ကားများ၊ ဆိုင်ကယ်နှင့် ပရိဘောဂစ်ကားများ ပျက်စီးခဲ့ပြီး ဆိုက်ကားပေါ်တွင်ထိုင်နေသည့် ကိုမြင့်ဇော်ဦး(၃၄ နှစ်)မှာ ဒဏ်ရာများရရှိကာ နေပြည်တော် ကုတင်(၁၀၀၀)ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသခံနေရပြီး ယာဉ်မောင်းသူအား ပျဉ်းမနားမြို့မရဲစခန်း၌ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းမင်းလတ်**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၆ ခုနှစ်အတွင်း ကမ္ဘောဇဘဏ်လီမိတက်မှ လက်ခံရရှိခဲ့သော နိုင်ငံတကာဆုများအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

- ၂၀၁၆ စက်တင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် Finance Asia မှ ချီးမြှင့်သော "Best Bank in Myanmar 2016"
- ၂၀၁၆ အောက်တိုဘာလအတွင်း စပိန်နိုင်ငံအခြေစိုက် Business Initiative Directions မှ ချီးမြှင့်သော "World Quality Commitment 2016"
- ၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် World Finance မှ ချီးမြှင့်သော "Best Commercial Bank in Myanmar 2016" နှင့် "Best Retail Bank in Myanmar 2016"
- ၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် Financial Times (The Banker) မှ ချီးမြှင့်သော "Bank of the Year in Myanmar 2016"

ဦးကိုကိုထူး
ဥက္ကဋ္ဌ
မြန်မာ့စက်မှုဆိပ်ကမ်း (MIP)



# ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အရည်အချင်းများနှင့် အရည်အသွေး စစ်ဆေးမှုများကို အောင်မြင်ပြီး ၂၀၁၆ ခုနှစ်အတွင်း မြန်မာ့ဘဏ္ဍာရေးသမိုင်း၌ ပထမဆုံး အနေဖြင့် ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် နိုင်ငံတကာကိုယ်စားလှယ်ဘဏ်ရုံးခွဲများကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် **"ကမ္ဘောဇဘဏ်လီမိတက်"** နှင့် ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူပြည်သားများ အမြဲထာဝရ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ထာဝရ ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးကိုကိုထူး
ဥက္ကဋ္ဌ
မြန်မာ့စက်မှုဆိပ်ကမ်း (MIP)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

"ပထမ" နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော အခွန်ထမ်း "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ" အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ ပေးဆောင်ခဲ့သည့် အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁။ | ၂၀၁၁-၂၀၁၂ | ၆,၀၁၅.၃၉၇ သန်း | ပထမ |
| ၂။ | ၂၀၁၂-၂၀၁၃ | ၁၀,၈၂၇.၇၀ သန်း | ပထမ |
| ၃။ | ၂၀၁၃-၂၀၁၄ | ၁၇,၀၆၂.၆၆ သန်း | ပထမ |
| ၄။ | ၂၀၁၄-၂၀၁၅ | ၂၂,၀၀၃.၆၁ သန်း | ပထမ |
| ၅။ | ၂၀၁၅-၂၀၁၆ | ၂၂,၉၅၉.၈၃ သန်း | ပထမ |
| ၆။ | ၂၀၁၆-၂၀၁၇ (ကြိုတင်ခွန်) | ၂၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းပြီးဖြစ်ပါသည်။ |
| ၇။ | ၂၀၁၇-၂၀၁၈ (ကြိုတင်ခွန်) | ၃၂,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းလျှက်ရှိပါသည်။ |
| ၈။ | ၂၀၁၈-၂၀၁၉ (ကြိုတင်ခွန်) | ၃၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းရန်လျာထားပါသည်။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေငြာချက်အရ ၂၀၁၅-၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် "ကမ္ဘောဇဘဏ်လီမိတက်" သည် ၂၀၁၅-၂၀၁၆ အခွန်စည်းကြပ်နှစ်တွင် (၂၂,၉၅၉.၈၃)သန်းဖြင့် "ပထမ" နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း" အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဦးကိုကိုထူး
ဥက္ကဋ္ဌ
မြန်မာ့စက်မှုဆိပ်ကမ်း (MIP)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တပြေးညီ ရှေ့ဆုံးမှ တက်ကြွစွာ လူအား၊ ငွေအားဖြင့် ပံ့ပိုးကူညီဆောင်ရွက်လျှက်ရှိသော ကမ္ဘောဇဘဏ်လီမိတက်၏ "ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)"သည် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံတော်နှင့် ပြည်သူအတွက် (၁၁၀.၆၈၂)ဘီလီယံ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရှိရသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးကိုကိုထူး
ဥက္ကဋ္ဌ
မြန်မာ့စက်မှုဆိပ်ကမ်း (MIP)

# စွယ်တော်စီးတီး အိမ်ရာ

## မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊ သီရိရတနာ လက်လီလက္ကားဈေး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့နှင့် အနီးဆုံးနေရာတွင် တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အခြာကျသောနေရာ ဖြစ်သည်။






■ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေဧက (၃၀)ပေါ်တွင် တည်ဆောက်နေသည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ခိုင်မာစွာ ရရှိနိုင်မည့် စုပေါင်းအိမ်ရာဖြစ်သည်။

■ ထိုင်းနိုင်ငံ G4 Architect မှ ရေးဆွဲသော ဗိသုကာဒီဇိုင်း၊ Pile - Foundation၊ ခေတ်မီ Post -Tensioned စံနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်မည့် (၈)ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦးတိုင်းတွင် 2500 sq-ftခန့် ကျယ်ဝန်းသော Lobby ပါရှိပါသည်။



900 sq-ft for 2 Bedrooms
1260 sq-ft for 3 Bedrooms

■ အဆောက်အဦးတိုင်းတွင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး၊ Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး စုပေါင်းအိမ်ရာဝင်း တစ်ခုလုံးအတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။

■ ရေကူးကန်များ ၊ စားသောက်ဆိုင်၊ Fitness Center, SPA, Steam, Sauna , Jacuzzi, Convenience Store၊ ကလေးကစားကွင်း နှင့် လူ (၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမကျယ်များ ပါဝင်သည့် Clubhouse တစ်ခု ပါရှိပါသည်။



■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများ၊ အဆောက်အဦး ပတ်လည်တွင် သာယာလှပသော ပန်းခြံ ဥယျာဉ်နှင့် ယာဉ်ရပ်နားရန် Car Parking နေရာများ ပြည့်စုံလုံလောက်စွာ ပါဝင်ပါသည်။




အထူးအစီအစဉ်အနေဖြင့် ပထမပုဂ္ဂလိကဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်များနှင့် ချိတ်ဆက်၍ အရစ်ကျ ငွေပေးချေမှုစနစ်များဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

တစ်ပေပတ်လည်လျှင် ၉၀၀၀၀ိ/-နှုန်း မှစတင်၍... ရောင်းချပေးနေပါပြီ

**DEVELOPER-**

GRAND STYLE CO.,LTD.၊ အမှတ်(၂၄၅)၊ ဗားကရာလမ်း (မြေနီကုန်းဂမုန်းပွင့်) ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**TEL :09-799-332211 , 09-799-221133, 09-797-221133**

# “ပထမ”နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော အခွန်ထမ်း “ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ” အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ပေးဆောင်ခဲ့သည့် အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁။ | ၂၀၁၁-၂၀၁၂ | ၆,၀၁၅.၃၉၇ သန်း | ပထမ |
| ၂။ | ၂၀၁၂-၂၀၁၃ | ၁၀,၈၂၇.၇၀ သန်း | ပထမ |
| ၃။ | ၂၀၁၃-၂၀၁၄ | ၁၇,၀၆၂.၆၆ သန်း | ပထမ |
| ၄။ | ၂၀၁၄-၂၀၁၅ | ၂၂,၀၁၃.၆၁ သန်း | ပထမ |
| ၅။ | ၂၀၁၅-၂၀၁၆ | ၂၂,၉၅၉.၈၃ သန်း | ပထမ |
| ၆။ | ၂၀၁၆-၂၀၁၇ (ကြိုတင်ခွန်) | ၂၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းပြီးဖြစ်ပါသည်။ |
| ၇။ | ၂၀၁၇-၂၀၁၈ (ကြိုတင်ခွန်) | ၃၂,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းလျှက်ရှိပါသည်။ |
| ၈။ | ၂၀၁၈-၂၀၁၉ (ကြိုတင်ခွန်) | ၃၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းရန်လျာထားပါသည်။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေငြာချက်အရ ၂၀၁၅-၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် **“ကမ္ဘောဇဘဏ်လီမိတက်”**သည် **“ပထမ”နေရာမှ (၅)နှစ်ဆက်** ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ပြီး၊ ကြိုတင်ခွန်များပေးသွင်းထားရှိခြင်း၊ အခွန်နှင့်ပတ်သက်၍ စနစ်တကျကြိုတင်စီစဉ်ဆောင်ရွက်ထားရှိခြင်း၊

ကမ္ဘောဇဘဏ်လီမိတက်၏ **“ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း”** သည်လည်း စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအထိ နိုင်ငံတော်နှင့်ပြည်သူအတွက် စုစုပေါင်း **ကျပ်ငွေ (၁၁၀.၆၈၂)ဘီလီယံ** လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရှိရသဖြင့် **“ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း”** အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဒေါက်တာကျော်မင်းဦး+ဒေါ်သင်းသင်းဦး**
**ချမ်းငြိမ်းအောင်အထူးကုဆေးရုံ**
**ချမ်းငြိမ်းအောင် ကုမ္ပဏီလီမိတက်**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၆ ခုနှစ်အတွင်း ကမ္ဘောဇဘဏ်လီမိတက်မှလက်ခံရရှိခဲ့သောနိုင်ငံတကာဆုများအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆထက်ထမ်းပိုးတိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- ၂၀၁၆ စက်တင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် Finance Asia မှ ချီးမြှင့်သော

"Best Bank in Myanmar 2016"

- ၂၀၁၆ အောက်တိုဘာလအတွင်း စပိန်နိုင်ငံအခြေစိုက် Business Initiative Directions မှ ချီးမြှင့်သော

"World Quality Commitment 2016"

- ၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် World Finance မှ ချီးမြှင့်သော

"Best Commercial Bank in Myanmar 2016" နှင့်

"Best Retail Bank in Myanmar 2016"

- ၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် Financial Times (The Banker) မှ ချီးမြှင့်သော

"Bank of the Year in Myanmar 2016"

ဦးကိုကိုထူး+ဒေါ်စန္ဒာအောင်

မြန်မာ့စက်မှုဆိပ်ကမ်း

MIP
MYANMAR INDUSTRIAL PORT

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အခြေစိုက်အလုပ်ရုံ အမှတ်(၃)ရှိ မြေနေရာတွင် အသုံးမလိုတော့သည့် ဖျက်သိမ်းမည့် (အလျား ၁၀၀' ၆"၊ အနံ ၈၁'၊ အမြင့် ၈' ရှိ) သွပ်မိုးမြေစိုက်အဆောက်အဦအဟောင်း(1 Lot) ကို မြန်မာနိုင်ငံသားများအား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်သိလိုသောအချက်များကို အခြေစိုက်အလုပ်ရုံ အမှတ်(၃)၊ မရမ်းကုန်းမြို့နယ် ဖုန်း-၀၁-၆၆၀၈၅၁၊ ၀၁-၆၆၀၃၇၂၊ ၀၉-၃၃၇၈၆၈၁၅၊ ၀၉-၂၅၀၁၈၅၆၉၇၊ ၀၁-၂၉၁၃၅၂၊ ၀၉-၇၉၅၇၅၇၂၅၄၊ ၀၉-၉၇၃၄၆၈၅၇၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**

---

## ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
## အဌမအကြိမ် B.E/B.Arch နှင့် B.Tech ဘွဲ့အတွက်
# ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ အဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း -၃၀-၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက်ပိုင်း နံနက် ၈ နာရီ၊ ညနေပိုင်း မွန်းလွဲ ၂ နာရီ၊**

**ဘွဲ့နှင်းသဘင်ကျင်းပခြင်း-၃၁-၁-၂၀၁၇ရက်(အင်္ဂါနေ့) နံနက်ပိုင်း နံနက် ၈နာရီ၊ ညနေပိုင်း မွန်းလွဲ ၂နာရီ၊**

**၁-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်း နံနက် ၈နာရီ၊ ညနေပိုင်း မွန်းလွဲ ၂နာရီ၊**

**၂-၂-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက်ပိုင်း နံနက် ၈နာရီ ညနေပိုင်း မွန်းလွဲ ၂နာရီ၊**

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်-

- ၂၀၁၆ ခုနှစ် နိုဝင်ဘာတွင် ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) **တက်ရောက်ဘွဲ့** - B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ၁၅၀၀/-(ကျပ် တစ်ထောင့်ငါးရာတိတိ) လျှောက်လွှာနှင့်အတူ ပေးသွင်းရန်။

(ခ) **အဝေးရောက်ဘွဲ့** - B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူ ပေးသွင်းရန်။

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်)အနောက်တိုင်း ဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော(တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံ ၅ ပုံ(ဓာတ်ပုံ၏ အောက်တွင် မှတ်ပုံတင်အမှတ် ထည့်သွင်းရိုက်ကူးခြင်း မပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်။

၅။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ(မြန်မာထဘီနှင့် အင်္ကျီ)၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီသည့် တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရမည် ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ရှိ ကျောင်းသားရေးရာဌာန၌ ၁-၁၂-၂၀၁၆ ရက်မှစ၍ ဝယ်ယူ၍ပြည့် စုံစွာဖြည့်စွက်ပြီး ၂၃-၁၂-၂၀၁၆ရက် (သောကြာနေ့) နောက်ဆုံးထားလျှောက်ထားရမည်။

၇။ ဘွဲ့နှင်းသဘင်တက်ရောက်ယူမည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါကဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည် မဟုတ်ပါ။

**မှတ်ချက်**။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ကျောင်းသားရေးရာဌာန (ဖုန်း-၀၉-၂၅၀၀၇၃၉၉၆)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အမိန့်အရ-**

**(ဒေါက်တာ ဘုန်းကျော်)**
**မော်ကွန်းထိန်း**
**ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်**

---

# ကြော်ငြာစာ

သံတွဲမြို့၊ အမှတ်(၆)ရပ်ကွက်၊ မဟာမြိုင်လမ်းနေ ဒေါ်ငွေငွေခိုင် ၁၁/သတန(နိုင်)၀၀၅၈၄၈ ပိုင်ဆိုင်သည့် သံတွဲမြို့နယ်၊ ကွင်းအမှတ် ၁၇၄၊ အံတော်ကွင်း၊ ဦးပိုင်အမှတ်(၁-က)၊ လန(၃၉)ကျပြီး မြေဧရိယာ(၀ဒသမ ၀၄ဧက) (၇-၉-၂၀၁၆)ရက်မှ (၆-၉-၂၀၂၆)ရက်အထိ (၁၀)နှစ် မြေငှားဂရန်၊ ကွင်းအမှတ် ၁၇၄၊ အံတော်ကွင်း၊ ဦးပိုင်အမှတ်(၁-ခ)၊ လန(၃၉)ကျပြီး မြေဧရိယာ (၀ဒသမ ၀၄ဧက) (၇-၉-၂၀၁၆)ရက်မှ (၆-၉-၂၀၄၆)ရက်အထိ နှစ်(၃၀) မြေငှားဂရန်၊ ကွင်းအမှတ် ၁၇၄၊ အံတော်ကွင်း၊ ဦးပိုင်အမှတ်(၁-ဂ)၊ လန(၃၉)ကျပြီး မြေဧရိယာ(၀ဒသမ ၀၄ဧက) (၇-၉-၂၀၁၆)ရက်မှ (၆-၉-၂၀၂၆)ရက်အထိ (၁၀)နှစ်မြေငှားဂရန်တို့မှာ (၃၀-၁၁-၂၀၁၆)ရက်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်၌ ပျောက်ဆုံးသွားပါသဖြင့် ရရှိထားသူအနေဖြင့် ဒေါ်ငွေငွေခိုင် မဟာမြိုင်လမ်း၊ အမှတ်(၆)ရပ်ကွက်၊ သံတွဲမြို့သို့ ဆက်သွယ်ပေးပါရန်နှင့် ပေးအပ်သူအား ကျေးဇူးဆပ်ပါမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ငွေငွေခိုင်**
**ဖုန်း-၀၉-၂၅၀၃၃၂၀၀၄**

---

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် A.G.T.I
# ပထမနှစ်ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အကျင့်စာရိတ္တ ကောင်းမွန်ရမည်။
- (ဂ) အလုပ်ရုံတွင် သင်ထောက်ကူစက်ပစ္စည်း အသုံးပြုသင်ကြားလေ့ကျင့်ရန်လိုအပ်သဖြင့် ကိုယ်လက်အင်္ဂါသန်စွမ်း ကျန်းမာသူဖြစ်ရမည်။
- (ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူဖြစ်ရမည်။
  - (၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ၊
  - (၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ၊
  - (၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊
  - (၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊
  - (၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊သင်္ချာ၊ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ။
- (င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၄။ အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)တွင် ဖွင့်လှစ်သင်ကြားပေးမည့်သင်တန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။
- (က) မြို့ပြအင်ဂျင်နီယာ
- (ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
- (ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
- (ဃ) စက်မှုအင်ဂျင်နီယာ

၅။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ် ပေးအပ်မည်ဖြစ်သည်။

၆။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့လျှောက်ထားလိုသည့် အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)၌ ၁၉-၁၂-၂၀၁၆ ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၃၀-၁၂-၂၀၁၆ ရက် နောက်ဆုံးထား၍ အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)သို့ ပြန်လည်တင်သွင်းရမည်။

၇။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
- (က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
- (ခ) အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုထောက်ခံစာမူရင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထောက်ခံစာမူရင်းနှင့်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း၊
- (ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်အမှတ်စာရင်း(မူရင်းနှင့်မိတ္တူ)
- (ဃ) ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

## စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်းမှ ကြီးမှူးကျင်းပမည့် (၁၈)ကြိမ်မြောက် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား
# ပူဇော်ကန်တော့ပွဲ တက်ရောက်ရန် နှိုးဆော်ခြင်း

